ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဖွဲ့နှောင်လွတ်မြောက်**

ချစ်ဖွယ်အာရုံ ကာမဂုဏ်တို့၌ စွဲလမ်းခြင်းနှင့် မချစ်မနှစ်သက်အပ်သော အာရုံတို့၌ မလိုလား၊ မုန်းတီးခြင်းတို့သည် ဆင်းရဲခြင်းသာဖြစ်စေ၏။ ချစ်သောသူ၊ မုန်းသောသူတို့နှင့် ပေါင်းဖော်ခြင်းမပြုသဖြင့် ချစ်ခြင်း၊ မုန်းခြင်းမရှိသောသူတို့သည် အနှောင်အဖွဲ့မှ လွတ်မြောက်ကုန်၏။ ပီယဝဂ်(ဓမ္မပဒ-၂၁၁)

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက် စနေနေ့။ Saturday, 25 March 2017 (၈၈၇၆)

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၄

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေး(၁/၂၀၁၇)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့ »»

# နိုင်ငံတကာအချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့ တစ်ဖွဲ့ စေလွှတ်ရန် တောင်းဆိုသည့် လူ့အခွင့်အရေးကောင်စီ၏ဆုံးဖြတ်ချက်အား မြန်မာနိုင်ငံက သဘောတူလက်ခံခြင်းမရှိ

## သတင်းထုတ်ပြန်ချက်

ဂျီနီဗာမြို့တွင် ၂၄-၃-၂၀၁၇ ရက်နေ့ကပြုလုပ်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ဥရောပသမဂ္ဂမှတင်သွင်းသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်ကို မဲမခွဲဘဲ ဆုံးဖြတ်အတည်ပြုလိုက်ပါသည်။

အဆိုပါဆုံးဖြတ်ချက်တွင် လူ့အခွင့်အရေးကောင်စီမှ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် တရားဥပဒေစိုးမိုးရေးအပြင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြိုဆိုထားပါသည်။ တစ်ဖက်တွင်လည်း လူ့အခွင့်အရေးကောင်စီအနေဖြင့် လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ တစ်ဖွဲ့ကို စေလွှတ်ရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့**

# ၂၀၀ ကျပ်တန် ထီလက်မှတ် မကြာမီရပ်ဆိုင်းပြီး ၅၀၀ ကျပ်တန် ဆက်လက်ရောင်းချမည်

ရန်ကုန် မတ် ၂၄

၂၀၀ ကျပ်တန် အောင်ဘာလေ ထီလက်မှတ် ထီဖွင့်ပွဲကို ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၄၁) ကြိမ်မြောက် ထီဖွင့်ပွဲတွင် နောက်ဆုံးအကြိမ်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယင်းနောက်တွင် ၂၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ်ရောင်းချမှုများကို ရပ်ဆိုင်းကာ ၅၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ်ကိုသာ ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

အောင်ဘာလေ ၂၀၀ ကျပ်တန် ထီလက်မှတ်များကို (၃၄၁)ကြိမ်အထိသာ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ ယခု ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၃၉) ကြိမ်မြောက် ထီဖွင့်ပွဲ၊ မေ ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၄၀)ကြိမ်မြောက် ထီဖွင့်ပွဲနှင့် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၄၁) ကြိမ်မြောက် ထီဖွင့်ပွဲအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါ (၃၄၁)ကြိမ်မြောက်ထီဖွင့်ပွဲသည် ၂၀၀ ကျပ်တန် အောင်ဘာလေထီ၏ နောက်ဆုံးထီဖွင့်ပွဲဖြစ်ကြောင်း သိရသည်။

လာမည့် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၃၉) ကြိမ်မြောက် ၂၀၀ ကျပ်တန် ထီဆုဖွင့်ပွဲတွင် 'က' အက္ခရာမှ 'ဂ' အက္ခရာအထိ အက္ခရာသုံးလုံးသာ ထုတ်ဝေရောင်းချခဲ့သည်ဟု သိရသည်။ အဆိုပါ ၂၀၀ ကျပ်တန် **စာမျက်နှာ ၃ ကော်လံ ၃ သို့**



# စီးပွားဖြစ်သင်္ကြန်မဏ္ဍပ် ရန်ကုန်၌ ခွင့်မပြုဟုဆို

၂၀၁၆ ရန်ကုန်သင်္ကြန် အင်းလျားကန်ပေါင်ရှေ့ ရေကစားမဏ္ဍပ်၌ စည်ကားနေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ငွေးအောင်)

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များ ခွင့်မပြုကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အများပြည်သူပိုင်ဧရိယာများတွင် စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များကို လုံးဝခွင့်ပြုပေးသွားမည်မဟုတ်ဘဲ ရန်ကုန်မြို့၏ခရိုင်လေးခုအလိုက် အပိုင်းလေးပိုင်းခွဲကာ အများပြည်သူ ပါဝင်ဆင်နွှဲနိုင်သည့် သင်္ကြန်ပွဲတော်အဖြစ် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်သွားမည်ဟု သိရသည်။

ရန်ကုန်မြို့ အင်းလျားလမ်း၊ ကန်တော်ကြီးပတ်လမ်းတစ်လျှောက်တွင် မဏ္ဍပ်များကို ခွင့်ပြုပေးသွားမည် မဟုတ်ကြောင်း၊ မဏ္ဍပ်များပေါ်ရှိအလုံပိတ်အခန်းများကိုလည်း အရေးယူသွားမည်ဖြစ်ကာ အရက်သေစာ ဥပဒေမဲ့ရောင်းချနေမှုများကိုလည်း အရေးယူသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

စီးပွားဖြစ်မဏ္ဍပ်များကို ခွင့်ပြုပေးခြင်းမရှိသော်လည်း ဖျော်ဖြေရေးမဏ္ဍပ်များကို ခွင့်ပြုပေးမည်ဖြစ်ကာ အဆိုပါမဏ္ဍပ်များတွင်လည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့**

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။



ကြေးမုံ

# ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးစေရေး

ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် လမ်းများ၊ တံတားများ၊ လူနေအဆောက်အအုံများနှင့် ဆက်နွှယ်သည့် အခြေခံအဆောက်အအုံများကို ခေတ်ကာလလူမှုဘဝအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အဆိုပါ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းမှာ ပြည်သူများလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို နိုင်ငံ၏ လူမှုဘဝ အဆင့်အတန်းမြင့်မားမှုရှိသည်ကိုလည်း ပြသရာရောက်သည်။ အဆိုပါ အခြေခံအဆောက်အအုံများအနက် တစ်နေ့တခြား တိုးပွားလာနေသော မြို့ပြနေပြည်သူများအတွက် နေထိုင်မှုအဆောက်အအုံများ လောက်ငအောင် တည်ဆောက်ပေးနိုင်မှုမှာ အထူးအရေးကြီးသည်။

အစိုးရက စီမံခန့်ခွဲဦးဆောင်ကြီးကြပ်ပေးမှုနှင့် အစိုးရကိုယ်တိုင်ဖြစ်စေ၊ လုပ်ငန်းအပ်နှံခြင်းခံရသူတို့ကဖြစ်စေ ပြည်သူများအတွက် ဆောင်ရွက်ပေးရာတွင် ရေရှည်အကျိုးစီးပွားနှင့်ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများစွာတို့ကိုလည်း ထည့်သွင်းတွက်ချက်ကာ ကြိုတင်စီမံဆောင်ရွက်ပေးကြရသည်။ စနစ်ကျကောင်းမွန်သော သင့်တင့်မျှတသည့် အဆောက်အအုံများဖြစ်ရန် လိုအပ်သလို အခြေခံပြည်သူများ နေထိုင်နိုင်မည့် အနေအထားများလည်းရှိသင့်သည်။

မြို့ပြအိမ်ရာတည်ဆောက်မှုများကို ခေတ်အဆက်ဆက်အစိုးရများက တိုးပွားလာသောလူဦးရေအပေါ် မူတည်၍ အကွက်ချအိမ်ရာစီမံဆောင်ရွက်ပေးခဲ့ရာတွင် ယခင်ကလူဦးရေနှင့်နေရာထိုင်ခင်း လုံလောက်မျှတမှုကြောင့် စိန်ခေါ်မှု အခက်အခဲများ ထူးထူးထွေထွေ မရှိခဲ့ဟုဆိုရမည်ဖြစ်သည်။ မျက်မှောက်ကာလ လူဦးရေထူထပ်သိပ်သည်းမှုနှင့် မြေနေရာရှားပါး၍ တန်ဖိုးမြင့်မားလာခြင်းတို့ကြောင့် အိမ်ရာစီမံကိန်းများကို အထပ်မြင့်အိမ်ရာများအဖြစ် တည်ဆောက်ဖန်တီးကြရသည်။ ထိုအခါ မြို့ပြနှင့်လူအများအတွက် စိန်ခေါ်မှုများစွာရှိလာမည်ဖြစ်သည်။

အစိုးရသစ်၏တစ်နှစ်တာကာလတွင် မြို့ပြအသစ်များတည်ဆောက်မှုကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက မြို့ရွာများဟန်ချက်ညီညီ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်သော အိမ်ရာများကိုဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်နေသည်ကို တွေ့ရသည်။ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ရှိ မြို့ ၂၄ မြို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း သဘောထားပုံစံများကို ဂျပန်အပြည်အပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးဖြစ်သော ရန်ကုန်မြို့ပြ အိမ်ရာတည်ဆောက်ရေးကဏ္ဍတွင် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဆောင်ရွက်ဆဲ အိမ်ရာစီမံကိန်းမှ အိမ်ခန်းပေါင်း ကိုးထောင်ခန့်ကိုလည်း ယခုနှစ်အတွင်း အပြီးတည်ဆောက်နိုင်အောင် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အိမ်ရာများရောင်းချရာတွင် အငှားအိမ်ရာများပါဝင်သလို ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပင်စင်စားများအား ဦးစားပေးရောင်းချမှုအစီအစဉ်မှာ လျော်ကန်သင့်မြတ်ပေသည်။

အိမ်ရာကဏ္ဍဆောင်ရွက်ရာတွင် အိမ်ရာငွေကြေးစနစ်ထူထောင်ဖို့ လိုသည်။ အိမ်ရာများဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ဘဏ္ဍာငွေကြေးစနစ် ထောက်ပံ့နိုင်ရေး၊ ပြည်သူများ အိမ်ရာချေးငွေစနစ်ဖြင့် ထောက်ပံ့နိုင်ရေး၊ အိမ်ရာစုငွေဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘဏ်လုပ်ငန်းစနစ်များပါ ထူထောင်ထားသည်ကိုလည်း တွေ့ရသည်။ မြို့ပြအိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း)နှင့် အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)တို့ကို ရေးဆွဲနေပြီး အမျိုးသားအဆင့်မြို့ပြမူဝါဒနှင့် အိမ်ရာမူဝါဒများ ရေးဆွဲပြဋ္ဌာန်းကာ ဖြန့်ဝေဆောင်ရွက်ပေးနေသည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် အိမ်ရာစီမံကိန်းများကို ယခုကဲ့သို့ စနစ်တကျအကောင်အထည်ဖော်ပေးနေချိန်တွင် ဆက်စပ်အဖွဲ့အစည်းများက တာဝန်သိစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ နေထိုင်မည့်ပြည်သူများကလည်း သတ်မှတ်ထားသော အိမ်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပူးပေါင်းပါဝင်နေထိုင်ကြရမည်ဖြစ်သည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ ကြေးရုပ်တုနှင့် အားကစားကွင်းများ တည်ဆောက်မည်

**မြင်းမူ မတ် ၂၄**

မြင်းမူမြို့အတွင်း ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအသစ်တစ်ခု စတင်တည်ဆောက်တော့မည်ဖြစ်ကြောင်း မတ် ၂၃ ရက်က ကျင်းပသည့် ပန်းခြံဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ယခုစတင်တည်ဆောက်မည့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ တည်ဆောက်မည့်နေရာမှာ မြင်းမူမြို့ အမှတ်(၁) နယ်မြေ အောင်ဇေယျရပ်ကွက်တွင် တည်ရှိပြီး ၅ ဒသမ ၁၁ ဧကမြေရှိကြောင်း သိရသည်။ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်၊ဗိုလ်ချုပ်ကျောက်တိုင်၊ လူကြီးအားကစားကွင်း၊ ကလေးအားကစားကွင်း၊ ရေပန်းအလှများနှင့် ဈေးဆိုင်ခန်း ၅၇ ခန်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

## ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ထီးတော်တင်အခမ်းအနားကျင်းပ

**လွယ်ဂျယ် မတ် ၂၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ရှိ စိန်လုံးကျေးရွာ ချမ်းမြေ့အောင်စည်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော ရန်မျိုးစုံအောင်တော်မူစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲ အခမ်းအနားကို မတ် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတီတော်မြတ်ကြီး ဌာပနာသွင်း မင်္ဂလာအခမ်းအနားကျင်းပပြီး ဆရာတော် သံဃာတော်များနှင့် တက်ရောက်လာကြသူများက ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်ကြီးအား လက်ယာရစ်လှည့်ပတ် ပူဇော်ကာ စေတီတော်အထွတ်ပေါ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **လွယ်ဂျယ်(မြန်/ဆက်)**

## သတင်းထောက်များနှင့် တွေ့ဆုံမည်

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းနှင့်ဓာတ်ပုံများ ပေးပို့လျက်ရှိသော ပန်းတနော်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ပုသိမ်၊ ငပုတော၊ လပွတ္တာ၊ မြောင်းမြ၊ ဟိုင်းကြီးကျွန်းမြို့နယ်များနှင့် ပတ်ဝန်းကျင်မြို့များမှ သတင်းထောက်များ၊ သတင်းလုပ်ငန်းစိတ်ပါဝင်စားသောသူများနှင့် နိုင်ငံပိုင်သတင်းစာတိုက်မှ တာဝန်ရှိသူတို့ တွေ့ဆုံမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲကို မတ် ၂၆ ရက် မွန်းလွဲပိုင်းနှင့် မတ် ၂၇ ရက်နှင့် မတ် ၂၈ ရက်တို့တွင် ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဒေးဒရဲ၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ ပန်းတနော်မြို့နယ်တို့၏ နီးစပ်ရာမြို့များ၌ ပြုလုပ်မည်ဖြစ်ရာ ဖုန်း-၀၉-၃၃၆၄၄၂၀၉ နှင့် ၀၉-၄၂၀၇၆၆၃၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **(ကြေးမုံ)**

## စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ် မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်ရှိနေမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်း-၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉ တို့သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၄**

ရန်ကုန်(ရွှေဈေး) ၈၉၉၀၀၀ - ၈၉၉၀၀၀ မန္တလေး(ရွှေဈေး) ၈၉၉၀၀၀ - ၈၉၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၀၅/၇၂၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၆၅ ကျပ်၊ | ၈၇၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၃၅ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၄၀ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၈/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၃၀/၆၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၆.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၇၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၃၁၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၅၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၀၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၃.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၃၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၉.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၂.၄၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၀

## ပြည်တွင်းရေးရာ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**»» ရှေ့ဖုံးမှ**

အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာ တင်မျိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်သက်လွင်၊ ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဦးခွန်မောင်သောင်းနှင့် အတွင်းရေးမှူး ဦးခင်မောင်တင်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တင်ပြချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေး၍ ဆုံးဖြတ်ကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ အစည်းအဝေးများကို ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် ပုံမှန်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**❂ စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်**

ရေပက်ကစားနိုင်ကြောင်း၊ ယင်းအတွက် သီးခြားပုံစံဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

"The One တို့ ရွှေထွဋ်တင်ကွင်းတို့လိုနေရာမျိုးမှာ ဖျော်ဖြေရေးအစီအစဉ်တွေ၊ သင်္ကြန်အစီအစဉ်တွေ ရှိနိုင်ပါတယ်။ အဲဒီအတွက်လည်း ခွင့်ပြုမိန့်နဲ့အတူ ကျင်းပရမယ်လို့ သိရပါတယ်။ စီးပွားဖြစ်မဏ္ဍပ်တွေကတော့ လုံးဝခွင့်မပြုဘူး ဆိုတော့ မြို့နယ်တွေအလိုက် စည်ကားအောင် ဖြန့်ပြီးကျင်းပမယ်ဆိုရင် တစ်နေရာတည်းမှာပဲ စုပြုံတိုးဝှေ့နေတာလည်း လျော့သွားမယ်ထင်ပါတယ်။ ဟိုးတစ်ချိန်က ရန်ကုန်သင်္ကြန်ပုံစံပေါ့"ဟု ယခုနှစ် ရန်ကုန်သင်္ကြန်တွင် ဖျော်ဖြေရေးပွဲများအတွက် ကြော်ငြာစပွန်ဆာပေးရန် စီစဉ်နေသည့် မီဒီယာကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်းအပြင် သင်္ကြန်သံချပ်အစီအစဉ်များနှင့်ပတ်သက်၍လည်း စိစစ်ခြင်းအပေါ် ဝေဖန်မှုများရှိနေရာ လက်ရှိနိုင်ငံ၏အခြေအနေနှင့် လူမျိုးရေး၊ ဘာသာရေးနှင့် အခြားသောအမုန်းတရားများ မပေါ်ပေါက်စေရန် ကြိုးပမ်းနေရသောကာလဖြစ်ပြီး မလိုလားအပ်သောအကြောင်းများ မပေါ်ပေါက်စေရန်၊ လွတ်လပ်ခွင့်အပေါ် မတရားသည့် အမိန့်ဥပဒေများ မဖြစ်စေရန်အပြင် တစ်ဖက်တွင် လွတ်လပ်ခွင့်အပေါ် မင်းမဲ့စရိုက်ဆန်ဆန်မဖြစ်ပွားစေရေး စိစစ်ဆောင်ရွက်ရန် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ရှင်းလင်းသွားခဲ့သည်။ **(၀၀၁)**

## စာပေဗိမာန်စာမူဆု ( ၂၀၁၆ ) ပြိုင်ပွဲ ဘာသာပြန်စာမူအတွက် ပြိုင်ပွဲဝင်စာမူပြဌာန်း

**ရန်ကုန် မတ် ၂၄**

၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် Editor Mahmood Monshipouri တည်းဖြတ်သည့် "TERRORISM, SECURITY AND HUMAN RIGHTS " စာအုပ်မှ "Terrorism, Security and Human Rights" နှင့် "Military Intervention: Risks and Costs"အခန်းနှစ်ခန်းကို ထုတ်နုတ်ပြဌာန်းကြောင်း၊ ယင်းစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၄၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပြီး ပုံစံနှင့်စည်းကမ်းချက်များကို စာပေဗိမာန်တွင် ကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း၊ နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၁၇၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန်ရုံး အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၀၄၄၉ တို့သို့ လိပ်မူ၍မှာယူနိုင်ကြောင်း၊ ဘာသာပြန်စာမူကို ဩဂုတ် ၁၅ ရက် နောက်ဆုံးထား၍ ဦးစီးအရာရှိ (စီမံ) စီမံရေးရာဌာနစု စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းဆောင်ရွက်

**သံဖြူဇရပ် မတ် ၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သံဖြူဇရပ်မြို့နယ် ကျောင်းရွာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ငွေစာရင်းပုံစံများ ထိန်းသိမ်းဆောင်ရွက်မှုအခြေအနေ၊ အတိုးကောက်ခံပေးသွင်းမှု အခြေအနေများကို မတ် ၂၂ ရက်တွင် မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် အဖွဲ့ရုံးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

**❍ နိုင်ငံတကာအချက်အလက်မှ**

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်၏ နက်နဲရှုပ်ထွေးပြီး စိန်ခေါ်မှုကြီးမားသည့်အခြေအနေကို လက်တွေ့ကျပြီးရေရှည်တည်တံ့သည့် ဖြေရှင်းမှုများထွက်ပေါ်လာရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ နိုင်ငံတော်တာဝန်ကိုယူပြီး ရက်သတ္တပတ် အနည်းငယ်အတွင်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းတည်ထောင်၍ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းမှုတိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ပြဿနာရပ်များကို ရေရှည်တည်တံ့သော အဖြေရရှိရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ဖြစ်ပွားခဲ့သည့် နယ်ခြားစောင့်ရဲဌာနချုပ်နှင့် ရဲစခန်းများအား လက်နက်ကိုင် တိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲ ပေါ်ထွက်လာသော လူ့အခွင့်အရေး ချိုးဖောက်မှုရှိသည်ဆိုသည့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် ဒုတိယသမ္မတ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များအား များစွာအလေးအနက်ထား အရေးယူဆောင်ရွက်လျက်ရှိပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုခံရသည်ဆိုသည့် ရခိုင်ပြည်နယ်ရှိ ကျေးရွာများသို့ ရက်သတ္တပတ်များစွာ သွားရောက်စိစစ်မှုများ ပြုလုပ်ခဲ့သည့်အပြင် မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားသို့သွားရောက်၍ စုံစမ်းမှုများပြုလုပ်ခဲ့ပါသည်။ စွပ်စွဲမှုများသည် ခိုင်လုံမှုရှိပါက သက်သေများအား နိုင်ငံတကာ၏ ကာကွယ်စောင့်ရှောက်မှုအစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်စေပြီး တရားရုံးများ၌ ဥပဒေနှင့်အညီ အမှုဖွင့်တရားစွဲဆိုနိုင်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၏ ပကတိအခြေအနေသည် ထိလွယ်ရှလွယ်ပြီး ဖြေရှင်းရန် စိန်ခေါ်မှု ကြီးမားနေဆဲ အခြေအနေဖြစ်ပါသည်။ ဤအခြေအနေမျိုးတွင် လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းသည် ပြဿနာဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မည် မဟုတ်သည့်အပြင် ပြဿနာရပ်ကို ပိုမိုကြီးထွားစေမည်သာဖြစ်ပါသည်။ လက်ရှိမြေပြင်အခြေအနေမှန်များနှင့်လည်းကောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်လည်းကောင်း ကိုက်ညီမှုလည်းမရှိပါ။ ဤသို့သော အခြေအနေများကြောင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းတည်ငြိမ်ရေးနှင့် ရေရှည်တည်တံ့သော ဖြေရှင်းချက်များ ရရှိရေးအတွက် အလေးအနက်ထား ကြိုးပမ်းဖြေရှင်းနေခြင်းကြောင့်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီ၌ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆုံးဖြတ်ချက်တစ်ခုလုံးကို သဘောတူလက်ခံပါဝင်ခြင်းမရှိကြောင်း (Dissociate) ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့်အတူ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံအပါအဝင် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှလည်း ဆုံးဖြတ်ချက်အား သဘောတူလက်ခံပါဝင်ခြင်းမရှိကြောင်း ထုတ်ဖော်ကြေညာခြင်း၊ အဆိုပါ နိုင်ငံတကာအချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ စေလွှတ်ခြင်းကို လက်မခံကြောင်း ထုတ်ဖော်ပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချထားပြီး မြန်မာနိုင်ငံရှိ ပြည်သူများအားလုံး၏ အကျိုးအတွက် လူ့အခွင့်အရေးတိုးမြှင့်ရေးကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ သုံးသပ်အကြံပြုချက်အများစုကို အချိန်မဆိုင်းဘဲ ထိရောက်သည့် လုပ်ငန်းအစီအစဉ်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်**

## သင်္ကြန်ကာလအတွင်း မူးခင်းလျော့နည်းကျဆင်းရေးကြိုတင်ကာကွယ်

**မုဒုံ မတ် ၂၄**

သင်္ကြန်ကာလအတွင်း မူးခင်းလျော့နည်းကျဆင်းရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် မုဒုံမြို့ မြို့နယ်ရဲမှူး မြအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ထွေအုပ် ဒု-ဦးစီးမှူးနှင့်အဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ သားသတ်ရုံမှူးနှင့်အဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော အဖွဲ့ဝင်များသည် မတ် ၂၂ ရက်က မုဒုံမြို့ရှိ ဆေးဆိုင်များသို့ သွားရောက်ကာ တရားမဝင်ကာမစိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေးအတွက် စစ်ဆေးပညာပေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် တရားမဝင် မူးယစ်ဆေးဝါးများ၊ ကာမစိတ်ကြွဆေးများ မရောင်းချရေးကို မြို့မ(၁)ရပ်ကွက်ရှိ ဆေးဆိုင် လေးဆိုင်၊ မြို့မ (၂)ရပ်ကွက်ရှိ ဆေးဆိုင်နှစ်ဆိုင်၊ မြို့မ(၃)ရပ်ကွက်ရှိ ဆေးဆိုင်သုံးဆိုင်နှင့် မြို့မ(၄)ရပ်ကွက်ရှိ ဆေးဆိုင် တစ်ဆိုင် စုစုပေါင်း ဆေးဆိုင် ၁၀ ဆိုင်သို့ သွားရောက်ကာ အသိပညာပေး ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ **(မြို့နယ်ရဲတပ်ဖွဲ့)**

**❒ ထီလက်မှတ်မှ**

အောင်ဘာလေထီလက်မှတ်၏ ဆုမဲမှာ ယခင်ကဲ့သို့ပင် အမြင့်ဆုံးဆု ကျပ်သိန်း ၁၅၀၀ ဖြစ်ပြီး ကျပ်သိန်း ၁၀၀၀ ဆုမပါဝင်တော့ဘဲ ကျပ်သိန်း ၁၀၀၊ ကျပ်သိန်း ၅၀ ဆုများ ပါဝင်မည်ဖြစ်ပြီး အနိမ့်ဆုံးဆုမှာ ကျပ်တစ်သိန်းဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

"ကျပ် ၅၀၀ တန် သိန်းတစ်သောင်းထီ စရောင်းတော့ ကျပ် ၂၀၀ တန်ထီက အရောင်းမရှိသလောက် ဖြစ်သွားတယ်။ ကျပ် ၂၀၀ တန်ထီကို (၃၄၁)ကြိမ်မြောက်အထိပဲ ရောင်းချသွားမှာပါ။ နောက်ပိုင်းမှာ ကျပ် ၅၀၀ တန်ထီကိုပဲ ဖွင့်လှစ်ရောင်းချသွားမှာပါ"ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့် ပထမအကြိမ် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်းတစ်သောင်းနှင့် ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၁၀၀၀ နှင့် ဆုများပါဝင်ပြီး မတ် ၁ ရက်တွင် စတင်ရောင်းချခဲ့သည်။

ယခင်က ကျပ် ၁၀၀ ဖြင့် ဆုကြေး ကျပ်သိန်း ၅၀၀ ချီးမြှင့်သော အောင်ဘာလေထီလက်မှတ်ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီမှစတင်ကာ ကျပ် ၂၀၀ အဖြစ် ပြောင်းလဲရောင်းချခဲ့ပြီး ဆုကြေးငွေမှာလည်း အမြင့်ဆုံး ကျပ်သိန်း ၁၀၀၀ သို့ တိုးမြှင့်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ ဆုကြေးငွေကို ကျပ်သိန်း ၁၅၀၀ အဖြစ် တိုးမြှင့်ကာ ပြောင်းလဲဖွင့်လှစ်ပေးခဲ့သည်။ ယခုနှစ် ဇွန်လတွင်မှ (၃၄၁) ကြိမ်မြောက် ထီဖွင့်ပွဲသည် ကျပ် ၂၀၀ တန် အောင်ဘာလေထီလက်မှတ်၏ နောက်ဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ **(ဆုနှင်းလဲ့)**

■

**သက်ရှိအားလုံး ရှင်သန်ဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့**

# အီဂျစ်သမ္မတဟောင်း ဟော့စနီမူဘာရက် ခြောက်နှစ်ကြာ ထိန်းသိမ်းခံခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်



**ကိုင်ရို မတ် ၂၄**

၂၀၁၁ ခုနှစ်တွင် အီဂျစ်သမ္မတ ရာထူးမှဖြုတ်ချခံခဲ့ရပြီးနောက် အာရပ်နွေဦးအုံကြွပုန်ကန်မှုအပြီး တရားစွဲဆိုခြင်းခံရသည့် ပထမဆုံးသော နိုင်ငံအကြီးအကဲဟောင်းဖြစ်သူ ဟော့စနီမူဘာရက်သည် ခြောက်နှစ်ကြာ ထိန်းသိမ်းခံခဲ့ရပြီးနောက် မတ် ၂၄ ရက်တွင် ပြန်လည်လွတ်မြောက်လာကြောင်း ၎င်း၏ ရှေ့နေက ပြောကြားသည်။

အာဏာလက်ရှိ ကာလများအတွင်း အကျင့်ပျက်ခြစားမှုများမှသည် ဆန္ဒပြသူများအားသတ်ဖြတ်ခဲ့မှုအထိ စွဲချက်အမျိုးမျိုးဖြင့် ရင်ဆိုင်ခဲ့ရသော သမ္မတဟောင်း မူဘာရက် (၈၈)နှစ်သည် ယခုလအတွင်း နောက်ဆုံးစွဲချက်တစ်ခုဖြစ်သော လူသတ်မှုစွဲချက်မှ လွတ်မြောက်ခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံတွင် ၁၈ ရက်ကြာဖြစ်ပွားခဲ့သော လူထုအုံကြွမှုတော်လှန်ရေး၏ အကျိုးဆက်အဖြစ် နိုင်ငံအား နှစ် ၃၀ ကြာ အုပ်စိုးခဲ့သူ သမ္မတ မူဘာရက်မှာ ရာထူးမှ ဖြုတ်ချခံခဲ့ရသည်။

သမ္မတဟောင်းမူဘာရက်သည် ရာထူးမှဖြုတ်ချခံရပြီး နှစ်လအကြာ ၂၀၁၁ ခုနှစ် ဧပြီလတွင် ဖမ်းဆီးခြင်းခံရပြီး ထိုအချိန်မှစ၍ အကျဉ်းထောင်များနှင့် စစ်ဆေးရုံများတွင်အစောင့်အကြပ် ထူထပ်စွာဖြင့် ထိန်းသိမ်းထားခြင်းခံခဲ့ရသည်။

မူဘာရက်၏ အုပ်စိုးမှုကာလအတွင်း နိုင်ငံတိုးတက်မှု ဆိတ်သုဉ်းနေခဲ့ပြီး သက်ဦးဆံပိုင်ပုံစံမျိုးအုပ်ချုပ်ခံခဲ့ရကာ ခရိုနီစနစ်ရှင် ဝါဒအားကောင်းခဲ့သည်ဟု ၎င်း၏ အုပ်စိုးမှုခေတ်တွင် နေထိုင်ခဲ့ကြရသူများက ဝေဖန်ပြောကြားခဲ့ကြသည်။

၁၉၅၂ ခုနှစ်တွင် ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့ပြီးနောက် အီဂျစ်နိုင်ငံအား အုပ်စိုးခဲ့ကြသော စစ်ဘက်ဆိုင်ရာခေါင်းဆောင်များတွင် မူဘာရက်လည်း ပါဝင်သည်ဆို၏။ **ရိုက်တာ။**

# အစိမ်းရောင်စီးပွားရေးတည်ဆောက်နိုင်ရန် ကမ္ဘာ့နိုင်ငံများ ဦးတည်နေဟု ကုလအကြီးအကဲပြော

**ကုလသမဂ္ဂ မတ် ၂၄**

ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုက မကြုံစဖူးထူးထူးကဲကဲ ခြိမ်းခြောက်လာနေခြင်းကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိခိုက်လာရနိုင်သောကာလတွင် အစိမ်းရောင်စီးပွားရေးကို တည်ဆောက်နိုင်ရန် ကမ္ဘာ့နိုင်ငံများ ဦးတည်လျက်ရှိကြကြောင်း၊ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် နေစွမ်းအင်ထုတ်လုပ်ရေး စွမ်းပကားကို မြှင့်တင်နေသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်ရှ်က ပြောကြားလိုက်သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်အဆင့်လှုပ်ရှားမှု အစီအစဉ်ဆိုင်ရာ အခမ်းအနားတစ်ရပ်တွင် မိန့်ခွန်းပြောကြားသူ ဂူတာရက်ရှ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် နိုင်ငံရေးအရ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန် ၎င်းက အလေးပေးပြောဆိုသည်။

ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ရာတွင် ရာသီဥတုပြောင်းလဲမှုပြဿနာကို အလေးထားဆောင်ရွက်ရန် လိုအပ်ပုံကို ဂူတာရက်ရှ်က ညွှန်းဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံက နေစွမ်းအင်နှင့် လေစွမ်းအင်တို့မှ တစ်ဆင့်လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀၀ ထုတ်ယူနိုင်ရန် စီစဉ်လျက်ရှိပုံကို ယခုနှစ်အတွင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် နေစွမ်းအင်ထုတ်လုပ်ရေး စွမ်းပကားကို ၂၀၁၇ ခုနှစ်တွင် ၁၈ ဂီဂါဝပ်အထိ နှစ်ဆမြှင့်တင်နိုင်မည်ဟု ကျွမ်းကျင်သူ ပညာရှင်များက ဟောကိန်းထုတ်ထားကြောင်း၊ အစိမ်းရောင်စီးပွားရေးဆီသို့ ကမ္ဘာ့နိုင်ငံများ ဦးတည်လျက်ရှိနေကြပြီဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကောင်းမွန်ပါမှ စီးပွားရေးကောင်းမွန်မည်ကို အစိုးရအဖွဲ့များကရော၊ စီးပွားရေးလုပ်ငန်း အသိုက်အဝန်းကပါ ယုံကြည်ယူဆကြကြောင်း ဂူတာရက်ရှ်က ဆက်လက်ပြောကြားသည်။ **ပီတီအိုင်။**




# တောင်ကိုရီးယား၌ လွန်ခဲ့သည့် သုံးနှစ်ခန့်က နစ်မြုပ်ခဲ့သော ကူးတို့သင်္ဘောကို ပြန်လည်ဆယ်ယူနိုင်

**ဆိုးလ် မတ် ၂၄**

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၁၄ ခုနှစ်က နစ်မြုပ်ခဲ့သော ကူးတို့သင်္ဘောတစ်စင်းကို ပြန်လည်ဆယ်ယူနိုင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့်သုံးနှစ်နီးပါးက နစ်မြုပ်ခဲ့ရသော ဆီအိုးအမည်ရှိ ကူးတို့သင်္ဘောကို တရုတ်နိုင်ငံမှ သင်္ဘောပျက်ဆယ်ယူရေးကုမ္ပဏီတစ်ခုက ဆယ်ယူရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်။

၂၀၁၄ ခုနှစ် ဧပြီ ၁၆ ရက်က တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ခုတ်မောင်းနေစဉ် ဆီအိုးကူးတို့သင်္ဘော တိမ်းမှောက်နစ်မြုပ်မှု ဖြစ်ပွားခဲ့ရာတွင် လူပေါင်း ၃၀၄ ဦး သေဆုံးခဲ့ကြရသည်။ သေဆုံးရသူအများစုမှာ လေ့လာရေးခရီးထွက်လာကြသော ကျောင်းသား ကျောင်းသူလေးများဖြစ်ကြသည်။

ရေယာဉ်၏ ကြံ့ခိုင်မှု နည်းပါးခြင်း၊ အဆမတန်ဝန်တင်လာခြင်းနှင့် အလွန်လျင်မြန်စွာ ခုတ်မောင်းလာခြင်းတို့ကြောင့် သင်္ဘောနစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။

သေဆုံးခဲ့ရသူများ၏ မိသားစုများက သင်္ဘောပျက်ကို ဆယ်ယူပေးရန် တောင်းဆိုခဲ့ကြပြီး မတော်တဆမှုဖြစ်ပွားခဲ့ရသည့်အကြောင်းတရားများနှင့်ပတ်သက်၍ ဂယနဏစုံစမ်းစစ်ဆေး ဖော်ထုတ်ပေးရန် တိုက်တွန်းခဲ့ကြသည်။

သင်္ဘောနစ်မြုပ်မှုနှင့်အတူ ယနေ့တိုင် ပျောက်ဆုံးနေဆဲဖြစ်သော ရုပ်အလောင်းကိုးခုကို ပြန်လည်ရှာဖွေတွေ့ရှိရမည်ဟု တာဝန်ရှိသူများက မျှော်လင့်ကြသည်။

သင်္ဘောပျက် ဆယ်ယူရေးအဖွဲ့သားများသည် မတ် ၂၂ ရက် နှောင်းပိုင်းတွင် သင်္ဘောပျက်ကို ရေအောက် ၄၄ မီတာ(၁၄၄ပေ) အနက်တွင် နစ်မြုပ်နေသောနေရာမှ ဆယ်ယူနိုင်ရန် ညလုံးပေါက်လုပ်ကိုင်ခဲ့ကြရသည်။

အရှည်မီတာ ၁၄၀ (ပေ ၄၆၀) ရှိ သင်္ဘောကိုယ်ထည်အား တွေ့မြင်ရပုံကို ရုပ်မြင်သံကြားဌာနက မတ် ၂၃ ရက် နံနက်တွင် ထုတ်လွှင့်ပြသခဲ့သည်။ အဖြူရောင်သင်္ဘောကိုယ်ထည်မှာ ရွှံ့နှင့်နုန်းအနည်အနှစ်များဖြင့် ညစ်ထေးပေကျံလျက်ရှိပြီး ဝန်ချီကရိန်းစက်ကိရိယာများ တပ်ဆင်ထားသော ဖောင်ကြီးများက ဝန်းရံလျက် ရေမျက်နှာပြင်အထက်သို့ ဆယ်တင်ယူနိုင်ခဲ့ပုံကို တွေ့မြင်ကြရသည်။

သင်္ဘောပျက်ဆယ်ယူရေးလုပ်ငန်းမှာ အလွန်အမင်းသတိကြီးစွာထား၍ လုပ်ကိုင်ရကြောင်း သင်္ဘောပျက်ဆယ်ယူရေးလုပ်ငန်း အကြီးအကဲဖြစ်သူ ပင်လယ်သမုဒ္ဒရာနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**

# ဘယ်လ်ဂျီယံနိုင်ငံ၏ လူစည်ကားသောနေရာတစ်ခုတွင် လူအုပ်ထဲသို့ ကားကို အရှိန်ပြင်းစွာမောင်းသူအား ရဲများဖမ်းဆီး

**ဘရပ်ဆဲလ် မတ် ၂၄**

ဘယ်လ်ဂျီယံနိုင်ငံမြောက်ပိုင်း အန်ဝါပ်မြို့ရှိ လူစည်ကားသော ဈေးတစ်ဈေးတွင် လူအုပ်ထဲသို့ ကားကို အရှိန်ပြင်းစွာမောင်းနှင်ရန် ကြိုးပမ်းခဲ့သူအား လုံခြုံရေးအရာရှိများက အချိန်မီ တားဆီးနိုင်သည့်အတွက် လူတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

လူအုပ်ထဲသို့ ကားကို အရှိန်ပြင်းစွာမောင်းနှင်ရန် ကြိုးပမ်းပြီးနောက် အဆိုပါ အကြမ်းဖက်သမားသည် ကားအတွင်းမှ ထွက်ပြေးရန်ကြိုးစားခဲ့သော်လည်း ၎င်းအား လုံခြုံရေးအရာရှိများက ဖမ်းဆီးနိုင်ခဲ့သည်။

အသက် (၃၉)နှစ်ရှိသော အဆိုပါ အကြမ်းဖက်သမားသည် မြောက်အာဖရိကန်လူမျိုးတစ်ဦးဖြစ်ပြီး ၎င်း၏ကားအတွင်း၌ ရိုင်ဖယ်သေနတ်တစ်လက်နှင့် ဓားအများအပြားယူဆောင်လာသည်ကို တွေ့ရှိရကြောင်း အာဏာပိုင်များက ဆိုသည်။

ယင်းအကြမ်းဖက်သမားသည် တူနီးရှားလူမျိုးဖြစ်သည်ဟု ယုံကြည်ရပြီး ပြင်သစ်နိုင်ငံမြောက်ပိုင်းတွင် နေထိုင်လျက်ရှိသည်ဟု ပြင်သစ်သတင်းအေဂျင်စီ အေအက်ဖ်ပီက သတင်းထုတ်ပြန်သည်။ ပြင်သစ်အာဏာပိုင်များက ၎င်းအား အကြမ်းဖက်သမားတစ်ဦးအဖြစ် နာမည်စာရင်းမသွင်းထားသေးကြောင်း အေအက်ဖ်ပီသတင်းအေဂျင်စီ၏ သတင်းကြေညာချက်တွင် ပါရှိသည်။

အကြမ်းဖက်သမားသည် အရက်အလွန်အကျွံသောက်ထားသည့်အတွက် လူအုပ်ထဲသို့ ကားဖြင့် အရှိန်ပြင်းပြင်းမောင်းနှင်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်ဟု သတင်းအေဂျင်စီအချို့က သတင်းထုတ်ပြန်ကြသည်။

မတ် ၂၂ ရက်သည် ဘယ်လ်ဂျီယံနိုင်ငံ၏ လေဆိပ်နှင့် မြေအောက်ရထား အကြမ်းဖက်တိုက်ခိုက်ခံရမှု တစ်နှစ်ပြည့်သည့်နေ့ဖြစ်သည်။ အခင်းဖြစ်ပွားသည့် မတ် ၂၃ ရက်တွင် ဗြိတိန်ပါလီမန်အနီး၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားကာ လူလေးဦး သေဆုံးခဲ့သည်။

ဘယ်လ်ဂျီယံ ရဲအရာရှိများက ၎င်းအကြမ်းဖက်သမားသည် ပြီးခဲ့သော အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခဲ့မှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**



# ကလေးငယ်များ လွတ်လပ်ပျော်ရွှင်စွာဖြင့် နှစ်သက်ရာဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထား

**ဘားအံ မတ် ၂၄**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ စာကြည့်တိုက်၊ Community Center ဖော်ဆောင်နေမှုနှင့် ရုံးလုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက ကလေးစာဖတ်ခန်းတွင် ကလေးငယ်များ လွတ်လပ်ပျော်ရွှင်စွာဖြင့် မိမိနှစ်သက်ရာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားပေးရန်၊ ပြတိုက်ငယ်အတွင်း ရှေးဟောင်းရိုးရာပစ္စည်းများ စုံလင်စွာပြသနိုင်ရေး စည်းရုံးဆောင်ရွက်ရန်နှင့် တိုင်းရင်းသားစာပေပွဲတော်ကျင်းပသည့်အခါ ပါဝင်နိုင်ရန်အတွက် ကရင်ဘာသာစာပေများ၊ ရိုးရာဝလေ့အဆိုအမိန့် ဆိုရိုးစကား၊ စကားပုံများ၊ ပုံပြင်များ စုစည်းပြီးထားရှိရန်၊ Community Center ဖော်ဆောင်မှုနှင့်ပတ်သက်ပြီး လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားအသင်းအဖွဲ့အစည်းများအား ဖိတ်ကြား၍ ဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်ထောင်စုရိပ်သာ ဧည့်ခန်းမ၌ တွေ့ဆုံ၍ ဘားအံမြို့တွင် ပြည်နယ်အစိုးရဦးဆောင်ပြီး ကလေးစာပေပွဲတော်ကျင်းပပြီးစီးခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးကြသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကြည့်ရှုစစ်ဆေးနေစဉ်။**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမတွင် ကျင်းပမည့် ကလေးစာပေပွဲတော်ကျင်းပရန် ပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

## အလင်းတံခါးဖွင့်

❖ ကလေးများရဲ့ လက်ထဲတွင်
အနာဂတ်ရဲ့ ပုံရိပ်ထင်၊
သူတို့လိုအင် ဖြည့်ဆည်းပေး
စိတ်ဓာတ် ကြံ့ခိုင်ရေး။
❖ ကလေးဆိုတာရတနာ
အနာဂတ်ရဲ့ ဗိသုကာ၊
ကြင်ကြင်နာနာစောင့်ရှောက်ပေး
ကျန်းမာသန့်စွမ်းရေး။
❖ ကလေးတို့ကိုမြတ်နိုးပို
ပြုစုပေးဖို့လို၊
အနာဂတ်ကိုပိုင်စိုးရေး
မျိုးချစ် အားမာန်မွေး။
❖ ကလေးအရွယ် လူမမယ်
အသိဉာဏ်မကြွယ်၊
အမြင်ကျယ်ရေးဉာဏ်ရည်သွေး
အလင်းတံခါးဖွင့်လှစ်ပေး။
❖ နိုင်ငံ့ရင်သွေးကလေးတွေ
ထူးတင့် မြင့်မြတ်စေ၊
ကလေးစာပေပွဲတော်ခင်း
စာပေလက်ဆောင်နင်း။ ။
(ကလေးစာပေပွဲတော်ဖွင့်ပွဲအမှတ်တရ)

ရေနံ့သာမောင်ကျော်ညွန့်




# စည်ကားသိုက်မြိုက်စွာကျင်းပတော့မည့် မော်လမြိုင်ကလေးစာပေပွဲတော်

**မော်လမြိုင် မတ် ၂၄**
ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်(မော်လမြိုင်)ကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမ၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်ရောင်းပွဲ၊ (၃၈) ဖြာမင်္ဂလာသုတ် ရွတ်ဆိုပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ပြခန်းများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော် ပထမနေ့တွင် မွန်ပြည်နယ်ရှိ အခြေခံပညာကျောင်းများနှင့် ဓမ္မစကူးလ်မှ ကျောင်းသား ကျောင်းသူများက အစီအစဉ် ၂၀ ဖြင့်လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်းကျောင်းသား ကျောင်းသူ ၅၀ ကလည်းကောင်း၊ (၃၈) ဖြာမင်္ဂလာသုတ် ရွတ်ဆိုပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ကလေးစာပေပွဲတော်သို့ လာရောက်သည့် ပရိသတ်များအား ကျောက်ဆည်ဆင်အက၊ မျက်လှည့်နှင့် ရုပ်သေးရုပ်၊ ခြင်းလုံးအလှခတ်များဖြင့် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

စာပေဟောပြောပွဲကို မတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ရာ စာရေးဆရာခေတ်ဘုန်းသစ်က "ကလေးတို့ရဲ့ အနာဂတ်အတွက် ရသစာပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ မိချမ်းဝေက "ကျောက်ပြားအဟောင်းတွင် ကမ္ဘည်းအသစ်ထိုးမယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြမည်ဖြစ်သည်။

ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ အထိ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ အစည်းအဝေးခန်းမတွင် "ယနေ့ကလေးစာပေ၊ မနက်ဖြန်ကလေးစာပေ"ဖြင့် မင်းထက်မောင်၊ မောင်လင်းရိပ်၊ ခေတ်ဘုန်းသစ်၊ ဝင်းချိုတို့က အသီးသီး ဆွေးနွေးကြမည်ဖြစ်သည်။

မော်လမြိုင်မြို့၌ သုံးရက်တာ ကျင်းပမည့် ကလေးစာပေပွဲတော်သည် တတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး မည်သူမဆို လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ စတုတ္ထအကြိမ်မြောက် ကလေးစာပေပွဲတော်ကို တောင်ကြီးမြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်မင်းဟန်)**

# ကလေးစာပေပွဲတော်(မော်လမြိုင်)တွင် ကလေးများအတွက် ပြခန်းများအစုံအလင်ဖြင့် ပြသသွားမည်

**မော်လမြိုင် မတ် ၂၄**
ကလေးစာပေပွဲတော်(မော်လမြိုင်)ကို မတ် ၂၅ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ကလေးစာပေပွဲတော်တွင် ကလေးများစာပေချစ်မြတ်နိုးစေရန် ရည်ရွယ် ၍ ကလေးစာဖတ်ခန်းများအပြင် ကလေးများပျော်ရွှင်ပြီး ဉာဏ်ရည်ထက်မြက်စေမည့် အစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။

ထို့အပြင် ကလေးစာပေပွဲတော်အတွင်းကလေးစာပေများစွာရေးသားခဲ့သည့် ဆရာကြီးမင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကလေးစာအုပ်ပြခန်း၊ 3D ပြခန်း၊ ကလေးစာဖတ်ခန်း၊ နည်းပညာမိတ်ဆက်ပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်း၊ ပဟေဠိဉာဏ်စမ်းပြိုင်ပွဲ၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA) တို့ ပူးပေါင်းသည့် ကလေးစာဖတ်ခန်း၊ မော်လမြိုင်မြို့နယ်ကိုယ်စားပြု စွန့်ပစ်ပစ္စည်းများကိုအသုံးပြုပြီး KG ကျောင်းသား ကျောင်းသူများအတွက် ပြခန်းများ၊ ရှေးခေတ်ဟောင်းအောက်မေ့ဖွယ်ရာ ကတိုး၊ ကော့နှတ်ရွာပြခန်း၊ ချောင်းဆုံမြို့နယ်ပြခန်း၊ ကျိုက်ထိုကိုယ်စားပြု ကလေးလက်လုပ်ပစ္စည်းပြခန်း၊ ရေးမြို့နယ် ပညာရေးပြခန်း အစင်မိသားစု (ရေလုပ်ငန်း)၊ ဘီးလင်းမြို့နယ် ဒေသထွက်ကုန်ပစ္စည်းများပြခန်း၊ မုဒုံမြို့နယ်ကိုယ်စားပြု KG ကျောင်းသား ကျောင်းသူများအတွက်ပြခန်းများ၊ ကျိုက်မရောမြို့နယ် ကိုယ်စားပြုပြခန်းများပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခေတ်အဆက်ဆက် ထုတ်ဝေခဲ့သော ကလေးစာပေများကိုလည်း တစ်မူထူးခြားစွာဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ကလေးစာပေနှင့် ပတ်သက်၍ ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သည့် ကလေးစာပေရေးသားခဲ့ကြသည့် အနုပညာရှင်များ၏ ဓာတ်ပုံများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်မင်းဟန်)**




# လှိုင်ကော်မြို့နယ်၌ ကလေးစာပေပွဲတော်ကျင်းပမည်

**လှိုင်ကော် မတ် ၂၄**
ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိရေး၊ ကလေးငယ်များ ဉာဏ်ရည် ထက်မြက်ရေးနှင့် ကလေးငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကလေးစာပေပွဲတော်၊ ကလေးစာပေ ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၂၇ ၇က် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လှိုင်ကော်မြို့ မြို့တော် ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ကလေးငယ်များအတွက် ပုံပြောပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ အရုပ်ဆက်ပြိုင်ပွဲများ၊ စကားပုံဆက်ပြိုင်ပွဲများ၊ ဂိမ်းကစားခြင်းများကို ပျော်ရွှင်စွာ ပြုလုပ်သွားမည်ဖြစ်ပြီး အထကကျောင်း ၁၁ ကျောင်း၊ အလက ကျောင်းလေးကျောင်း၊ အမက ကျောင်းငါးကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၁၅၀၀ တက်ရောက်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်း၊ မူကြိုကျောင်း ၁၂ ကျောင်းအား ဖိတ်ကြားထားပြီး ကလေးငယ်များအားလုံး အတူတကွ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# ဒေသသုံးခုက နွေသုံးနွေ

နီမော်

နွေ၊ မိုး၊ ဆောင်း ဆိုတဲ့ ဥတုသုံးပါးကို ဖော်ဆောင်ထားတဲ့ ရာသီစက်ဝန်းဟာ စဉ်ဆက်မပြတ်တရစပ် လည်ပတ်နေတတ်တဲ့သဘောရှိရုံမက မပြောင်းမလဲ အမြဲတည်ရှိနေတဲ့သဘာဝရဲ့လက်ဆောင်ပါ။ ဒီရာသီဥတုတွေ သာသာယာယာရှိနေတာ၊ ဆိုးရွားပြင်းထန်တာတွေကိုလည်း လူတိုင်းကြုံဖူးခဲ့ကြပြီးသား။ အဆိုး၊ အကောင်းကိုရွေးချယ်လို့မရ၊ လူတိုင်းရင်ဆိုင်နေကြရတယ်။ နောင်ဘဝတစ်လျှောက်လုံးမှာလည်း မလွဲမသွေရင်ဆိုင်သွားကြရဦးမှာကတော့ လောကနိယာမတရားတစ်ခုပါပဲ။ လူသားတွေအသက်ရှင်ရပ်တည်နိုင်ရေးဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရပေါ်မှာတည်မှီနေတော့ ဥတုကောင်းမှသာ သတ္တလောက၊ ရုက္ခလောကကြီးတွေ အသက်ဆက်နိုင်ကာ ရှင်သန်ဖွံ့ဖြိုးအကျိုးပြုနိုင်မှာပါ။ ဒီကနေ့ ရာသီဥတု သာယာရဲ့လားလို့ စူးစမ်းပြီးမှ သွားလာနေထိုင်လုပ်ကိုင်ကြရတာက ရာသီဥတု ဘယ်လောက်အရေးကြီးသလဲ ဆိုတာကို ဖော်ညွှန်းပြနေပြီး ဆိုးရွားတဲ့အပူဒဏ်၊ အအေးဒဏ်၊ မိုးလေဒဏ်၊ မုန်တိုင်းဒဏ်တွေကြောင့် လူ့အသက်အိုးအိမ်စည်းစိမ်နဲ့ သစ်ပင်ကြီးငယ်အားလုံးကို ပြားပြားဝပ်အောင် အသက်နုတ်ယူကာ တစ်စစီလွင့်ခြေဖျက်ဆီးပစ်တတ်လို့ပါပဲ။

ဒါကြောင့် လူတို့အတွက် မိုးလေဝသသတင်းတွေ ကြိုတင်ကြေညာ သတိပေးနေကြတာဟာ ပျက်စီးဆုံးရှုံးမှုတွေကို ကြိုတင်ကာကွယ်ဖို့ဖြစ်တာကြောင့် သတင်းဟာ အသက်တမျှအရေးကြီးလှပါတယ်။ ရာသီဥတုအပြောင်းအလဲတွေဟာ သဘာဝပတ်ဝန်းကျင်တစ်ခွင်လုံးရဲ့ ဂေဟစနစ်နဲ့တိုက်ရိုက်အချိုးကျနေတော့ သစ်ပင်သစ်တောတွေကို ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုအဆိုးဒဏ်ကို ကြိုတင်ကာကွယ်နိုင်တာကြောင့် "ဥတုရာသီတောကိုမှီ၏"ဆိုတဲ့ ဆောင်ပုဒ်များနဲ့ သတိပေးနေတာဖြစ်ပါတယ်။ စာရေးသူအနေနဲ့ လူသားတိုင်းအပေါ် သက်ရောက်နိုင်စွမ်းအားအလွန်တရာကြီးမားလှတဲ့ ရာသီဥတုသုံးမျိုးထဲက နွေဥတုအကြောင်းကို မပျင်းမရိရေးဖွဲ့ချင်ပါတယ်။ စာဖတ်သူတို့ ခွင့်ပြုတော်မူကြပါကုန်။ စာရေးသူအနေနဲ့ မတူတဲ့ဒေသသုံးခုက ဆောင်းသုံးဆောင်းအကြောင်းကို ရေးဖွဲ့ပြီးခဲ့ပါပြီ။ အခု နွေဥတုအကြောင်း သိသမျှလေးကို ရေးဖွဲ့ပါရစေ။

**ရန်ကုန်နွေ**

မြို့ရန်ကုန်ရဲ့ ဆောင်းအကုန် နွေအကူးကာလ သာယာလှပါတယ်။ သိပ်မပူတော့ ဆောင်းမပီတဲ့ ဆောင်းဖြစ်ရသလို အပူရှိန်မပြင်းတဲ့ ဂိမှာန်နွေက လူတွေကို သက်သောင့်သက်သာဖြစ်စေပါတယ်။ တံလျှပ်တွေ တလက်လက်ထတတ်တဲ့၊ ပူပြင်းခြောက်သွေ့ လေရူးမွှေနှောက်တတ်တဲ့ နွေသရုပ်ကို ပီပြင်စေချင်တာနဲ့ "ပူပါစေဆယ်နေကဲ" လို့ ဘယ်သူမှမပြောကြပါဘူး။ သိပ်အေး၊ သိပ်စွတ်စိုတာကို မနှစ်သက်တတ်သလို သိပ်ပူပြင်းတာကိုလည်း မနှစ်ခြိုက်ကြတဲ့ လူ့သဘာဝကို အလိုလိုက်အကြိုက်ဆောင်တတ်တာက ရန်ကုန်နွေပါပဲ။ ပင်လယ်နဲ့နီးလို့ ရာသီဥတုမျှတတာကြောင့် ပင်လယ်ပြာပြာကြီးကို ကျေးဇူးအထူးတင်မိပါတယ်။ ပင်လယ်ကြီးရဲ့ ရေတွေခါးနေအောင်ငန်ပေမယ့် ရာသီဥတုကိုထိန်းညှိပေးတတ်တဲ့ သဘောကြောင့် အလွန်မြတ်နိုးမိပါတယ်။ နွေဦးရဲ့ သင်္ကေတဖြစ်တဲ့ လေပွေမွှေ့ရမ်းတာကို အခြားမြို့ရွာဒေသတွေမှာလောက် ရန်ကုန်သူ ရန်ကုန်သားတွေ မခံစားကြရတာက လူဦးရေထူထပ်သိပ်သည်းကာ နေရာတိုင်းမှာ အဆောက်အအုံတွေ မှိုလိုပေါက်နေလို့လည်းဖြစ်နိုင်ပါတယ်။

ရန်ကုန်နွေဦးလေ အသော့အသွမ်းလေးတွေက လူတိုင်းရဲ့ရင်ကို အေးမြအောင် ကျီစယ်နေသလိုပါ။ ထန်းဖူးနံ့၊ ပိန္နဲဖူးနံ့၊ သရက်ဖူးနံ့၊ ခရေဖူးနံ့၊ ဆိပ်ဖလူးပန်းရနံ့၊ စံပယ်၊ ဇွန်၊ သရဖီ၊ အင်ကြင်း၊ ကံ့ကော်တွေ အပြိုင်အဆိုင်လှိုင်လှိုင်ပွင့်တာကြောင့် မွှေးရနံ့ကြွယ်တဲ့ နှစ်သက်စရာလေပြည်လေရှူးလို့ ခေါ်ရမှာပါ။ ရန်ကုန်မြို့အနီးတစ်ဝိုက်က ဆင်ခြေဖုံးရပ်ကွက်တွေ၊ မြို့ငယ်တွေမှာတော့ အနီအရဲ ချင်းပြိုင်နေတဲ့ လက်ပံနဲ့ ပေါက်ပင်ကြီးတွေ၊ ကသစ်ရွက်ကြော်လုပ်စားရတဲ့ ကသစ်ပင်ကြီးမှာ နီတွတ်တွတ် ချွန်မြမြ ကသစ်ပွင့်တွေရဲ့အလှကလည်း အံ့မခန်းစရာပါလား။ "လက်ပံဖူးချိန် ခွေးရူးချိန်"၊ "ဧပရယ်ဖူးလ်"ဆိုတာ တကယ်ဖူးလို့တကယ်ရူးတာပါ။ အပူရှိန်မပြင်းတဲ့အတွက် ရန်ကုန်နွေမှာ တပေါင်းလရဲ့ သရုပ်သကန်အပြည့်အဝခံစားလို့ရတယ်။ ဝန်းကျင်တစ်ခွင်လုံးမှာ မွှေးပျံ့နေတဲ့ပန်းရနံ့တွေကြောင့် အမောအပန်းပြေတော့ နှလုံးကိုအေးသွားတာပဲလို့ပြောတတ်ကြတယ်။ အပူရှိန်ပြင်းလို့ ချွေးတဒီးဒီးကျပြီး အသက်တောင် မနည်းဝအောင်ရှူနေရရင်တော့ နွေပန်းချီကားချပ်ကိုလည်း မမြင်နိုင်သလို နွေဥသြငှက်ငယ်ရဲ့ သံသာသာခွန်းဖွဲ့တာကိုလည်း ကြားနိုင်မှာမဟုတ်ပါဘူး။ ကျောင်းသားတွေ အတန်းတင်စာမေးပွဲကြီးအတွက် စာကျက်သံနဲ့အပြိုင် တွန်သံချိုတဲ့ နွေဥသြငှက်ငယ်လေးတွေ တွန်ကျူးနေသလား အောက်မေ့ရလောက်အောင် အကြီး၊ အငယ်၊ အရွယ်အလတ် ဥသြငှက်လေးတွေရဲ့ အသံအမျိုးမျိုးက သာယာလွန်းလှပါတယ်။ အသံသာပေမယ့် အမည်းရောင်မို့ လှတယ်လို့မဆိုနိုင်ပါဘူး။ ဒါပေမယ့် သာယာလှပတဲ့ ဥသြသံပေမယ့် ပူပန်သောကဖြစ်နေသူတွေ ကြားရပုံက ဒုက္ခော ဒုက္ခောပါတဲ့။ ရွက်ဟောင်းတွေကြွေ၊ ရွက်သစ်တွေဝေ၊ လေပွေလေရူးလေးတွေက ပန်းရနံ့ကို သယ်ဆောင်လို့ မွှေးကြိုင်လန်းဆန်းစေတဲ့ ရန်ကုန်နွေဟာ သင်္ကြန်ကျချိန်ကို စောင့်စားရင်း အိန္ဒြေရှင် အပျိုစင်လို တည်ကြည်သိမ်မွေ့တယ်လို့ တင်စားချင်ပါတယ်။

**အညာနွေ**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ အထက်အညာဒေသတို့မှာ အေးလွန်းတဲ့ဆောင်းရှိတော့ ပူလွန်းတဲ့နွေကို ကြုံတွေ့ရတာ မဆန်းပါဘူး။ သဘာဝပတ်ဝန်းကျင်နဲ့ ဖြစ်ပေါ်ပြောင်းလဲမှုကတော့ အထက်အညာ၊ အောက်ပြည်အောက်ရွာဒေသအသီးသီးမှာ တူညီပေမယ့် အပူချိန်တွေက ကွာခြားလွန်းလှပါတယ်။ စာရေးသူဟာ အပူချိန် ၉၀ ဒီဂရီစင်တီဂရိတ်ကျော်တတ်တဲ့၊ အပူရှိန်ပြင်းတဲ့ မန္တလေး၊ ရေနံချောင်း၊ မြင်းခြံ စတဲ့မြို့တွေမှာနေခဲ့ရဖူးတော့ အဲဒီမြို့တွေရဲ့ အပူဒဏ်ကို ကောင်းကောင်းကြီးခံစားခဲ့ရဖူးပါတယ်။ လှော်ဖွတ်ထားတဲ့ အကျီအဝတ်အစား၊ အသားခြောက်၊ ငါးခြောက်တွေများတော့ ကပ်သွားအောင်ခြောက်သယောင်းသွားတော့တာပါ။ လူ့ခန္ဓာထဲမှာ ရေဓာတ်ရှိနေလို့တော်သေးတယ်။ လူလည်းနေပူထဲမှာ ကြာကြာမရပ်နိုင်ပါဘူး။ ဒီဒေသတွေမှာ လူတွေဟာ အပူဒဏ်ကို နည်းမျိုးစုံနဲ့ အန်တုတတ်ပါတယ်။ လျှပ်စစ်မီးကလည်း နွေရာသီမှာ မလုံလောက်တော့ အိမ်တံခါးမကြီးနဲ့ ပြတင်းပေါက်တွေမှာ စောင်ကြမ်းကြီးတွေကို ရေဆွတ်ပြီး ကာရံထားပေမယ့် မကြာခင်ခြောက်သွားတတ်ပါတယ်။ တချို့များ ကြမ်းတွေ၊ ခုတင်တွေကို ရေမကြာခဏဆွတ်တတ်တယ်။ ရပ်ကွက်ထဲမှာ လူတချို့တလေက ဟိုနားဒီနားသွားတော့ အပူဒဏ်ကာကွယ်ဖို့ ပုဆိုးကိုရေဆွတ်ပြီးတော့ ကိုယ်ပေါ်မှာခြုံကာ သွားလာတတ်ပါတယ်။ မြင်းခြံနဲ့ မန္တလေးအပူရှိန်တွေက ပြင်းထန်လွန်းတော့ ဘာရာသီဘွဲ့ကိုမှလည်း မခံစားနိုင်တော့ပါဘူး။ မန်ကျည်းရွက်၊ ညောင်ချဉ်ရွက်တွေကိုသာ တွင်တွင်ကြီးချက်စားမှ ထမင်းစားနိုင်တော့တာပါ။

အဲဒီဒေသတွေမှာ မနက် ၅ နာရီဆိုရင် ဈေးသွားကြ၊ ၇ နာရီဆို အကုန်ချက်ပြုတ်ပြီး နောက်ရေချိုးကြပါတယ်။ ရာသီဥတုအလိုက် ရေကလည်း ပူနွေးနေတော့တာပါ။ ရေချိုးပြီးတာနဲ့ သနပ်ခါးလူးအပြီးမှာ ချွေးတွေနစ်နေအောင် ထွက်ပြန်ပါတယ်။ အကျီ၊ လုံချည်တွေကလည်း အမြဲချွေးစိုနေပေမယ့် ကိုယ်အပူရှိန်ကြောင့် ပြန်ခြောက်သွားတတ်တာချည်းပါပဲ။ အိပ်ရာ၊ ထိုင်ရာအားလုံး ချွေးကွက်ကြီးတွေ အရာထင်နေတတ်ပါတယ်။ တစ်ညလုံး လက်ညောင်းအောင် ယပ်ခတ်လိုက်၊ မှေးခနဲ တစ်ချက်လောက် အိပ်ပျော်လိုက်၊ ပြန်ယပ်ခတ်လိုက်နဲ့ မနက်လေးနာရီဆို ချွေးအိုင်ကြီးထဲ ရောက်နေတော့တာပါ။ အပူရှိန်ပြင်းလွန်းတော့ နေပူထဲသွားရင် နေအပူလျှပ်ကြ၊ သတိလစ်ကြနဲ့ပါ။ အပူဒဏ်ကြောင့် ဦးနှောက်သွေးကြောပြတ်သူတွေလည်း ရှိတတ်ပါတယ်။ အပူကို အန်တုတဲ့နည်းကောင်းတစ်ခုကတော့ အကျီလက်ရှည်ဝတ်ကာ ရေနွေးပူပူလေးသောက်ပေးရတာပါပဲ။ ထွက်လာတဲ့ ချွေးနဲ့ ခန္ဓာကိုယ်ကို ပြန်အေးစေတဲ့ နည်းကောင်းတစ်ခုပါ။

ဒါပေမယ့် လူကြီးသူမတွေဟာ ထန်းလျက်လေး၊ ငါးခြောက်ဖုတ်လေးနဲ့ ရေနွေးသောက်ပြီး အပူဒဏ်ခံနိုင်အောင် နေထိုင်တတ်ပေမယ့် လူငယ်နဲ့ကလေးတွေက ဖျော်ရည်၊ အအေးကိုသာ နှစ်သက်တတ်ပါတယ်။ ဒီတော့ ရေခဲဆိုင်တွေ နွေရာသီမှာ သိပ်ရောင်းကောင်းပါတယ်။ အစိုးရက အပူဒဏ်အသိပေးနှိုးဆော်ချက်နဲ့ ရှောင်ရန်၊ ဆောင်ရန်တွေကို သတင်းစာမှာ သတိပေးနှိုးဆော်တတ်ပါသည်။

**ရေခဲတောင်ပေါ်ကနွေဥတု**

စာရေးသူတို့နေခဲ့ဖူးတဲ့ နှင်းဖုံးရေခဲတောင်ဒေသတွေက နွေရာသီကတော့ ရာသီစက်ဝန်းအရသာ ကျရောက်လာပေမယ့် အေးတဲ့နွေဥတုလို့ဆိုချင်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၇၀၀၀၊ ပေ ၈၀၀၀ မြင့်တဲ့ လူနေနည်းပါးလှတဲ့ဒေသတွေဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့တိုင်းရင်းသားများပီပီ မြန်မာနှစ်သစ်ကူးသင်္ကြန်ကိုတော့ နှစ်စဉ်ကျင်းပကြပါတယ်။ အဲဒီဒေသတွေမှာ ၁၉၉၁ ခုနှစ်လောက်ဆီက နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ထမ်း၊ အစိုးရဝန်ထမ်းများ စုစည်းမိကြတော့ မြန်မာ့နှစ်သစ်ကူးအတာရေသဘင် ဆင်နွှဲဖို့ ပြင်ဆင်ကြတယ်။ ဒေသခံတိုင်းရင်းသားတွေနဲ့ မြန်မာလူမျိုးဝန်ထမ်းတွေဟာ ရေခဲတောင်ပေါ်မှာ နေသားကျလာတော့ ရာသီဥတုကို မမှုတော့ပါဘူး။ ပြည်မကြီးက သင်္ကြန်ပွဲတွေကို စိတ်မှန်းနဲ့လွမ်းပြီး ရိုးရာမပျက် ရေကစားကြပုံကတော့ ကရုဏာသက်စရာကောင်းလှပါတယ်။

မြို့ကြီးပြကြီးတွေကနေ ဝေးလံသီခေါင်လှတဲ့ ဒေသတွေမှာ တာဝန်ထမ်းဆောင်ကြသူတွေမို့ အချင်းချင်း ပိုပြီးစည်းလုံးချစ်ခင်ကြတယ်။ မရှိအတူ၊ ရှိအတူ တစ်ဦးနဲ့တစ်ဦး ဝေမျှစားသောက်နေထိုင်ကြပါတယ်။ ပြည်မကြီးမှာ သင်္ကြန်ပွဲတိုင်းသီဆိုလေ့ရှိတဲ့ မြို့မငြိမ်းရဲ့ သီချင်းတွေ၊ အဆိုအကတွေ၊ အတီးအမှုတ် တူရိယာ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ကြိုတင်ပြင်ဆင်ကြပါတယ်။ သင်္ကြန်မဏ္ဍပ်ကို အမည်ပေးပုံက နှင်းပွင့်သင်္ကြန်ပါတဲ့။ အနီရဲရဲတောင်ဇလပ်ပန်းတွေ၊ ရောင်စုံသစ်ခွပန်းတွေ၊ ထင်းရှူးခက်တွေနဲ့ သင်္ကြန်မဏ္ဍပ်ကို အလှဆင်ကြပါတယ်။ သစ်ခွပန်းဝါဝါတွေ အခိုင်လိုက်ပွင့်တာတွေခူးရင်းနဲ့ ရန်ကုန်က ပိတောက်ပန်း၊ ငုဝါပန်း၊ ပုပ္ပားက စံကားဝါပန်းတွေကို သတိရမိပါရဲ့။ အဲဒီရေခဲတောင်ဒေသက နွေရာသီဟာ လက်ဖျားခါရတဲ့ ဘုရားစူးနွေဆိုမှ နွေပါပဲ။ အရပ်ရှစ်မျက်နှာလုံးကလေပြင်းနဲ့အတူ ရေခဲမှုန်၊ ရေခဲငွေ့တွေပါလာတတ်တော့ အကျီ၊ ဘောင်းဘီ၊ ဦးထုပ် ထူထူကြီးတွေကို မချွတ်နိုင်သေးတဲ့ နွေရာသီပါပဲ။

နှင်းကြီးတွေ ဖွေးဖွေးဖြူသွားအောင်ကျပြီးနောက် နေရောင်နည်း နည်းရလိုက်တာနဲ့ "နေလာနှင်းပျောက်" ဆိုတာလို နှင်းတွေပျော်ဆင်းသွားတာနဲ့ ဝမ်းသာအားရ ရေပက်ကြပါတယ်။ ရေအေးဒဏ်မခံနိုင်တော့ ရေနွေးနွေးလေးကို ရေခွက်ထဲထည့်ကာ ပန်းခက်တွေနဲ့တို့ကာ ဖျန်းရတဲ့ ရေသဘင်ပါပဲ။ မြန်မာတိုင်းရင်းသားတွေကတော့ ဘယ်ဒေသရောက်ရောက် ဒေသရဲ့ထူးခြားချက်နဲ့ လိုက်လျောညီထွေနေတတ်တာ ချီးကျူးစရာပါပဲ။ တောင်ပေါ်သားတွေကို မုန့်လုံးရေပေါ် လုပ်ကျွေးရင်းနဲ့ ရေခဲထည့်ဖို့မလိုတဲ့ ရွှေရင်အေးကိုလုပ်ကျွေးရင်းနဲ့ ရေခဲတောင်ဒေသရဲ့ နွေဥတုကို ပျော်ပျော်ပါးပါးကြီးဖြတ်သန်းကြပုံက ချစ်စရာဓလေ့တစ်ခုဟု ဆိုချင်ပါတော့တယ်။ ။

**လူသားတွေ အသက်ရှင်ရပ်တည်နိုင်ရေးဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရပေါ်မှာ တည်မှီနေတော့ ဥတုကောင်းမှသာ သတ္တလောက၊ ရုက္ခလောကကြီးတွေ အသက်ဆက်နိုင်ကာ ရှင်သန်ဖွံ့ဖြိုးအကျိုးပြုနိုင်မှာပါ။ ဒီကနေ့ ရာသီဥတု သာယာရဲ့လားလို့ စူးစမ်းပြီးမှ သွားလာနေထိုင်လုပ်ကိုင်ကြရတာက ရာသီဥတု ဘယ်လောက် အရေးကြီးသလဲဆိုတာကို ဖော်ညွှန်းပြနေပြီး . . .**

## အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၏ တတိယအကြိမ်ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၄**

အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှေ့ပြေးစီမံကိန်း (Pilot Project) ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားဒေသတွင် ကျေးရွာအုပ်စု လေးအုပ်စုသို့ ကွင်းဆင်းစစ်တမ်းကောက်ယူခြင်း လုပ်ငန်းများအား ဖေဖော်ဝါရီ ၁ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နောင်တရားဒေသအတွင်း ပေါ့အင်ကျေးရွာအုပ်စု၊ လွယ်မောကျေးရွာအုပ်စု၊ ပင်ခင်ကျေးရွာအုပ်စုနှင့် မွှေးပြင်ကျေးရွာအုပ်စု လေးစု၌ ကျေးရွာ ပေါင်း ၉၇ ရွာရှိပြီး ၎င်းကျေးရွာများ၌ အခြေခံ၍ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းဦးက ပြောကြားခဲ့သည်။

အဓိကဆောင်ရွက်ပေးရမည့် အချက်များမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနအနေဖြင့် စီမံကိန်းအောင်မြင်နိုင်ရေးအတွက် ဝိုင်းဝန်းလုပ်ကိုင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအား ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ သက်ဆိုင်ရာ စီမံကိန်းဒေသများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ကြီးကြပ်အဖွဲ့၊ ကွင်းဆင်း စစ်တမ်းကောက်ယူသည့် ပူးပေါင်းအဖွဲ့များမှ ကောင်းမွန်သောစီမံချက်များ ရေးဆွဲနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် စစ်တမ်းများ၊ မြေပြင်တွေ့ရှိချက်များနှင့် ဒေသခံတိုင်းရင်းသားများ၏ အမှန်တကယ်လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးသွားကြရန် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၏ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ဒုတိယဝန်ကြီးက မှာကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားဒေသအတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စု၏ ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့သည့် ပူးပေါင်းအဖွဲ့မှ ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ ရှင်းလင်း



တင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခြင်းနှင့် ဝိုင်းဝန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌက တင်ပြချက်များ၊ ဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်ချက်ရှိသည်များနှင့် ထပ်မံဆောင်ရွက်သွားမည့် အစီအမံများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအစိုးရအဖွဲ့၏ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်



**ကျောက်ဖြူ မတ် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နှင့်အဖွဲ့သည် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမတွင် မတ် ၂၄ ရက် နံနက် ၉ နာရီ မိနစ် ၂၀တွင် ကျောက်ဖြူမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားခဲ့ရာ မိမိတို့ အဖွဲ့သည်ကျောက်ဖြူဒေသရှိပြည်သူများအား လူမှုရေး၊ စီးပွားရေး၊ ပညာရေးများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် လာရောက်ရခြင်းဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာဖို့အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ကြ ရမှာဖြစ်ကြောင်း၊ မေ ၂ ရက်မှ စတင်ကာ သက်ကြီးရွယ်အို များအား ထောက်ပံ့ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အသက်(၉၀)အထက် ဘိုးဘွားများအား လစဉ် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ရခိုင်၊ ချင်း၊ နာဂရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ် ကလေးငယ် များအား ထောက်ပံ့ကြေးပေးရန်အတွက် ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားခဲ့ပြီး မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးသန်းလွင်က GTI ကျောင်းနေရာအတွက် မြေလျော်ကြေး ငွေပေးရန်အတွက် လိုအပ်ငွေအား တင်ပြတောင်းခံခြင်း၊ လူငယ်အားမာန်အဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်ချက်များကိုတင်ပြကြပြီး တက်ရောက်လာသူများ နှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖြူ IDP စခန်း ကညင်တောသို့ နံနက် ၁၁ နာရီတွင် သွားရောက် ကာ ပြည်ထောင်စုအစိုးရအဖွဲ့၏ လူသားချင်းစာနာထောက် ထားမှု အကူအညီပေးအပ်သော ဆန်အိတ် ၅၀၊ဆီ ၁၇၁ ပုလင်း၊ ပဲ ၁၃၇ပိဿာ၊ ဆား ၃၄၁ ထုပ်ကို စခန်းအတွင်းရှိ မိသားစုများအား ပေးအပ်ခဲ့ရာ ၎င်းမိသားစုများနေထိုင်ရန် ဆောက်လုပ်ထားရှိသောနေအိမ်များကို ကြည့်ရှုခဲ့ပြီး မွန်းလွဲ ၁၂နာရီ မိနစ် ၄၀ တွင် လူမှုဝန်ထမ်းရုံး၌ မူကြိုကျောင်းဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုခဲ့ကာ မွန်းလွဲပိုင်းတွင် ကျောက်တစ်လုံး IDP စခန်းအား သွားရောက်ခဲ့ပြီး၊ စခန်းအတွင်းနေထိုင်သောမိသားစုများ ဖြင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိသားစုများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ လူသားချင်းစာနာထောက် ထားမှုအကူအညီပေးသော ဆန် ၁၆၃ အိတ်၊ ဆီ ၅၅၈ ပုလင်း၊ ပဲ၄၄၆ပိဿာ၊ဆား ၁၁၁၅ ထုပ်ကို ပေးအပ်ခဲ့ ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**




# ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှု အမှတ်(၁/၂၀၁၇)အား ဧပြီ ၁၁ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်မည်

**နေပြည်တော် မတ် ၂၄**

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးလှဆွေ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က ယင်းမဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ကန့်ကွက်လွှာတင်သွင်း ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ (၄)ဖြင့် ကြားနာစစ်ဆေးခဲ့ရာ လျှောက်ထားသူ၏ကန့်ကွက်လွှာအား စရိတ် နှင့်တကွ ပယ်ကြောင်း ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက် (အမိန့်) အပေါ် လျှောက်ထားသူ ဦးလှဆွေက ကျေနပ်မှုမရှိသဖြင့် အယူခံမှု လျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှု အမှတ်(၁/၂၀၁၇)ဖြင့် လက်ခံခဲ့ပြီးဖြစ်သည်။

ယင်းအမှုကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်၌ မတ် ၂၄ ရက် (သောကြာနေ့) တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော် သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကိုကြားနာပြီး ဧပြီ ၁၁ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၄**

တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာ သီရိဟိုတယ်၌ ဆက်လက်ကျင်းပ သည်။

ယနေ့ဆွေးနွေးပွဲတွင် တိုင်းရင်းသား စာပေနှင့် တိုင်းရင်းသားဘာသာစကား စာအုပ်ပေါ် ထွက်နိုင်ရေးဆောင်ရွက် ရာတွင် လိုအပ်သော နည်းပညာ၊ ငွေကြေးအကူအညီ အထောက်အပံ့ များနှင့် တိုင်းရင်းသားစာပေသင်ကြား သော တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ငွေကြေး အထောက်အပံ့ရရှိနိုင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စာပေယဉ်ကျေး မှုအဖွဲ့များသို့ ထောက်ပံ့ငွေပံ့ပိုးပေး နိုင်ရန်အတွက် မူဝါဒရေးဆွဲရာတွင် လိုအပ်မည့် အချက်အလက်များ နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန မှ အသိအမှတ်ပြုထားသည့် တိုင်းရင်းသားစာပေ ဖြစ်စေရေး၊ စာပေသင်ကြားရန် ဖတ်စာအုပ် Text Book ပြဋ္ဌာန်းထားပြီး ဖြစ်စေ



ရေး၊ အဆိုပါတိုင်းရင်းသားစာပေကို လက်တွေ့ဖတ်ရှု အသုံးပြုနိုင်သည့် စာအုပ်များရှိစေရေး၊ သင်ကြားပြသ နိုင်မည့် နည်းပြ ဆရာ ဆရာမများရှိ စေရေး၊ တိုင်းရင်းသားစာပေနှင့် စပ်လျဉ်းသည့် အခြားထည့်သွင်းလို သော အချက်များ၊ စာပေနှင့် ယဉ်ကျေးမှုကိုသာ အဓိကဆောင်ရွက် နေသည့် အဖွဲ့ဖြစ်စေရေး၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီး အဆင့်တစ်ခုစီအတွင်း လူမျိုးစုတစ်စု အတွက် တာဝန်ခံသည့် အဖွဲ့တစ်ဖွဲ့ ဖြစ်စေရေး၊ တိုင်းဒေကြီး၊ ပြည်နယ် အဆင့် အဖွဲ့ဖြစ်ပါက တိုင်းဒေသကြီး နှင့် ပြည်နယ်တစ်ခုလုံးအတွက်၊ ခရိုင် အဆင့် အဖွဲ့ဖြစ်ပါက ခရိုင်တစ်ခုလုံး အတွက်၊ မြို့နယ်အဆင့်အဖွဲ့ဖြစ်ပါက မြို့နယ်တစ်ခုလုံးအတွက် မိမိ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုသင်တန်းများကို တာဝန်ခံ ဖွင့်လှစ်သည့် အဖွဲ့ဖြစ်စေရေးကိစ္စရပ် များကို အစုအဖွဲ့အလိုက်အကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ စာပေယဉ်ကျေးမှု အဖွဲ့နှင့်စပ်လျဉ်းသည့် အခြားထည့် သွင်းလိုသောအချက်များ၊ သင်တန်း များသည် နွေရာသီအတွင်း ဖွင့်လှစ် သည့် သင်တန်းမျိုးဖြစ်စေရေး၊ သင်တန်းကာလ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် သင်တန်းများတွင် အနည်းဆုံးရှိရမည့် သင်တန်းသား ဦးရေ၊ တိုင်းရင်းသားစာပေသင်တန်း ပို့ချခြင်းနှင့်စပ်လျဉ်းသည့် အခြား ထည့်သွင်းလိုသည့် အချက်များ၊ ငွေကြေးထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ် များကို အစုအဖွဲ့အလိုက် အကြံပြု ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသား စာပေသင်ကြားသော တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ငွေကြေးထောက်ပံ့နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဦးကျုန်လွမ်း၊ ဦးစောဗစ် တာခလိုက်၊ ဦးစိုင်းခမ်းနွတ်၊ ဦးဘ အောင်၊ ဒေါက်တာစံလှကျော်၊ ဒေါ်နန့်ဝမ်းကြည်နှင့် ဦးစောနွဲ့ထွန်းဦး တို့က ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင် က တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**မွေးကြူဇင်(သတင်းစဉ်)**

❐

# အငြိမ်းစား ဆရာ ဆရာမကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်

**ပုသိမ် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂)အထက (ယခင်နေရှယ်နယ် အမျိုးသားအထက်တန်းကျောင်း) ဂုဏ်ထူးဆောင်ကျောင်းသားဟောင်းများ၊ နာယက(ဗိုလ်ချုပ်ကြီးဟောင်း)သူရဦးတင်ဦးစီစဉ်မှုဖြင့် အသက် (၆၀)ပြည့်ပြီး အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၏ ကျန်းမာရေး/လူမှုရေး စောင့်ရှောက်ရေးအတွက် လိုအပ်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းနှင့် ရုံးခန်းအဆောက်အအုံကို ပုသိမ်၊ ရန်ကုန်၊ ရပ်ဝေးနေ ကျောင်းသားဟောင်းများ စုပေါင်းလှူဒါန်းခဲ့သည်။ အဆိုပါ တည်ဆောက်ပြီးစီး ခဲ့သော နေရှယ်နယ်ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းနှင့် လူမှုရေးရုံး အဆောက်အအုံဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ အမှတ်(၂) အထက ကျောင်းဝင်းအတွင်း ဆေးခန်းအဆောက်အအုံ၌ ကျင်းပရာ နေရှယ်နယ် အမျိုးသားကျောင်း ဂုဏ်ထူးဆောင်ကျောင်းသားဟောင်းဖြစ်သူ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးနှင့် ဝန်ကြီးချုပ် မန်းဂျော်နီ၊ ဆေးခန်း ဆောက်လုပ်ရေးကော်မတီနာယကဦးအောင်ခတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြ သည်။

ထို့နောက် ဂုဏ်ထူးဆောင်နေရှယ်နယ် အမျိုးသားကျောင်းသားဟောင်း အသက်(၉၀)ပြည့်သူ သူရဦးတင်ဦးက ၁၉၂၀ ပြည့်နှစ်က ပညာသင်ကြားခဲ့ရသော စာသင်ကျောင်း၊ ဆရာ ဆရာမ၊ သူငယ်ချင်းများနှင့် ပညာသင်ယူခဲ့ရသည့် ဘဝအခြေခံမှစ၍ သိမှတ်ဖွယ်ရာများပြောကြားပြီး နေရှင်နယ်ကျန်းမာရေး စောင့်ရှောက်မှု ဆေးခန်း၊ သာမူနာရေးလူမှုရေးကူညီဆောင်ရွက်ရန် တာဝန် များ၊ အသိတရားများသည် အမိန့်အာဏာမဟုတ် ရင်တွင်းနှလုံးသားမှ မွန်မြတ်သန့်ရှင်းသော စေတနာသဒ္ဒါတရားများဖြင့် စုပေါင်းဆောင်ရွက်ခဲ့ခြင်း ကြောင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသွားသည်။

**(ပုသိမ်လှကြည်)**

❐

**လျှပ်စစ်သုံးလျှင် သတိယှဉ်**

**ဝန်အားမမျှ မသုံးရ**



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်နိုင်ငံဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

✻ **ကျောဖုံးမှ**

နှစ်နိုင်ငံဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီနှင့် ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန် လည်ပတ်မှုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် Boao International Conference Center ပင်မဆောင်၌ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီက ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဘိုအောမြို့ နိုင်ငံတော်ဧည့်ဂေဟာ၌ ဘိုအောဖိုရမ် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကျန်းဖေးရန်နှင့် တွေ့ဆုံ၍ ဘိုအောဖိုရမ် ကျင်းပနေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့သို့ ရောက်ရှိ

**ဘိုအော မတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့တွင် ကျင်းပမည့် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms.Li Xiaoyan နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နယ်ပြည်နယ် စန်းယမြို့သို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ ဟိုင်နန်ပြည်နယ် စန်းယမြို့ ဒုတိယမြို့တော်ဝန် မစ္စတာဟဲရှိဂန်းနှင့် တာဝန်ရှိသူများက စန်းယအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်တို့နှင့်အတူ စန်းယဘူတာမှ ဘိုအောမြို့သို့ အထူးအမြန်ရထားဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ဘိုအောမြို့သို့ ရောက်ရှိကြသည်။

၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်ကို မတ် ၂၃ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့တွင် ၄ ရက်ကြာ ကျင်းပလျက်ရှိသည်။ ယခုနှစ် ဘိုအောဖိုရမ်၏ ခေါင်းစဉ်မှာ Globalization & Free Trade: The Asian Perspectives ဖြစ်ပြီး Globalization, Growth, Reform နှင့် New Economy ဟူ၍ အပိုင်းလေးပိုင်းခွဲကာ ဆွေးနွေးသွားမည်ဖြစ်သည်။

ဘိုအောဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖိတ်ကြားထားသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



❖ **မောင်ဝေယံငြိမ်းမှ**

လက်ရှိအခြေအနေမှာ pressure လည်း ကောင်းပါတယ်။ နောက်သုံးလေးရက်လောက်ဆိုရင်တော့ ပုံမှန်ဖြစ်သွားနိုင်ပါတယ်”ဟု ၎င်းကပြောသည်။

လသားအရွယ်တွင် ခွဲစိတ်ကုသ၍ မရနိုင်သဖြင့် ဆေးရုံရှိ အထူးခန်းတွင် မိသားစုနှင့်အတူ သီးသန့်ထားရှိကာ လိုအပ်သော စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့သည့်အပြင် ခွဲစိတ်ရန် လိုအပ်သည့် အထူးပစ္စည်းကိရိယာများကိုလည်း နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးခဲ့ပြီး ခွဲစိတ်ချိန် ၁၄ နာရီ ၃၅ မိနစ်ကြာသည်အထိ လုပ်ဆောင်ခဲ့ရကြောင်း ခွဲစိတ်မှုတွင် ပါဝင်သည့် အထူးကုဆရာဝန်ကြီး (ခွဲစိတ်)/တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်လွင်က ပြောသည်။

“ခွဲစိတ်ပြီး စစ်ဆေးချက်ရလဒ်တွေကတော့ ကောင်းပါတယ်။ နောက်နှစ်လ၊ သုံးလလောက်မှာ စအိုဝဖောက်ဖို့ ထပ်မံခွဲစိတ်ကုသရဦးမှာပါ။ နောက်ထပ်နှစ်ဆင့်၊ သုံးဆင့်လောက် ခွဲစိတ်ဖို့ ကျန်သေးတဲ့အတွက် ဒီကလေးတွေကို ဒီမှာပဲထားပြီး ကုသပေးရဦးမှာပါ။ အားလုံးပူးပေါင်းဆောင်ရွက်မှုကြောင့် ဒီအမြွှာကို တစ်ဦးချင်းစီဖြစ်အောင် ခွဲစိတ်နိုင်ခဲ့ပါတယ်”ဟု ၎င်းကပြောသည်။

ယခုခွဲစိတ်သည့် ဆီးခုံချင်းဆက်အမြွှာ၏ မိခင်ဖြစ်သူ ဒေါ်မာလာထွန်းကလည်း “အခုလိုသားတွေကို တစ်ဦးချင်းစီ သီးသန့်မြင်ရတဲ့အတွက် ပြောမပြတတ်အောင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ်။ ခွဲစိတ်ပေးကြတဲ့ ဆရာဝန်ကြီးတွေနဲ့ အလှူရှင်တွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ မိဘတွေရဲ့ ဆန္ဒကတော့ ဒီကလေးတွေ ကျန်းမာသွားရင် မိသားစု စုံစုံလင်လင်နဲ့ နေရပ်ကိုပြန်ပြီး လုပ်ကိုင်စားသောက်သွားချင်ပါတယ်”ဟု ပြောသည်။

အဆိုပါ ခွဲစိတ်မှုတွင် တွဲဖက်ပါမောက္ခ ဒေါက်တာသူရဦး၊ တွဲဖက်ပါမောက္ခဒေါက်တာမောင်မောင်လွင်တို့ ဦးဆောင်သော ကလေးခွဲစိတ်ဆရာဝန်များအဖွဲ့၊ ပါမောက္ခဒေါက်တာသွဲ့ ဦးဆောင်သော အရေပြားဆိုင်ရာ အစားထိုးကုသသူများအဖွဲ့၊ ပါမောက္ခ ဒေါက်တာဝင်းကို ဦးဆောင်သော အရိုးအဆစ်ခွဲ အထူးကုခွဲစိတ်ကုသဆရာဝန်ကြီးများအဖွဲ့၊ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်မျိုး၊ ဒေါက်တာနိုင်ဝင်းတို့ ဦးဆောင်သော ကလေးမေ့ဆေးအထူးကုအဖွဲ့နှင့် သူနာပြုအုပ် ဒေါ်စိန်စိန် ဦးဆောင်သော သူနာပြုများအဖွဲ့တို့ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# အသိပညာပေးဟောပြောပွဲ ပြုလုပ်

**မောင်တော မတ် ၂၄**

မောင်တောမြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ အသိပညာပေးဟောပြောပွဲကို မတ် ၂၂ ရက်က ပြုလုပ်သည်။

အသိပညာပေး ဟောပြောပွဲတွင် လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်ဝင်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြဝင်းက မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိမ်းမှုနှင့် ရာဇဝတ်မှုများ အကြောင်း အသိပညာပေး ဟောပြောသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တော ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဦးဦးစိုးလွင်က ပြည်သူ့စာကြည့်တိုက် ဝန်ဆောင်မှုနှင့် ကလေးစာဖတ်ခန်း ဆောင်ရွက်ထားရှိမှု၊ ပြတိုက်ငယ်ဆောင်ရွက်ထားရှိမှုများကို အသိပညာပေးဟောပြောသည်။ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး လက်ထောက်မီးသတ်ဦးစီး ဦးစိုးမင်းနိုင်က မီးသတ်လုပ်ငန်းအကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယတပ်ကြပ် နောင်နောင်မျိုးဆက်ဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ဆွေးနွေးသည်။ ပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ကျောင်းအုပ်ကြီးထံပေးအပ်ခဲ့သည်။ အသိပညာပေး ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

○ **မြန်မာအသင်းမှ**

ခြေစစ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု(က)တွင် ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအိုအသင်းတို့နှင့် ကျရောက်လျက်ရှိပြီး လေးသင်းခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၁၉ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ အသင်းအရေအတွက် တိုးမြှင့်ထားပြီး ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ရမည့် ခြေစစ်ပွဲအတွက် မတ် ၁၄ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး မတ် ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံတွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့၏ အာရှဖလားခြေစစ်ပွဲကို မတ် ၂၈ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**(သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်)**

စာပေမြင့်မှ လူမျိုးတင့်မည်

# YBS ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲရန် အများပိုင်ဘတ်စ်ကားကုမ္ပဏီများမှ မှာယူထားသော ယာဉ်သစ်များ ရောက်ရှိ

**ရန်ကုန် မတ် ၂၄**

YBS ဘတ်စ်ကားလိုင်းများတွင် ထည့်သွင်းပြေးဆွဲရန် အများပိုင် ဘတ်စ်ကားကုမ္ပဏီများမှ မှာယူထားသော ဘတ်စ်ကားသစ်များ ရောက်ရှိပြေးဆွဲလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲရန် ယာဉ်အစီးရေ လိုအပ်ချက်ရှိနေရာ အစိုးရ၏ အစီအစဉ်ဖြင့် တရုတ်နိုင်ငံမှ အစိုးရချင်းချိတ်ဆက်မှုစနစ်ဖြင့် ဘတ်စ်ကားအစီး ၁၀၀၀ ဝယ်ယူထားခြင်းအပြင် ပုဂ္ဂလိက ဘတ်စ်ကားလိုင်းကုမ္ပဏီများက ပြည်ပမှ မှာယူထားသော ဘတ်စ်ကားများလည်း လတ်တလောတွင် ရောက်ရှိပြေးဆွဲလျက်ရှိကြောင်း သိရသည်။

" YBPC (ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီ)က အစီး ၁၀၀ မှာထားတာမှာ အစီး ၃၀ ရောက်ရှိနေပါပြီ။ ဒီကားလိုင်းက အရင်က BRT Lite ယာဉ်လိုင်း ပြေးဆွဲခဲ့တဲ့ အများပိုင်ကုမ္ပဏီဖြစ်ပါတယ်။ အခုတော့ YBS ၃၇ ယာဉ်လိုင်းမှာ ဝင်ရောက်ပြေးဆွဲနေပါတယ်။ ကားတွေအားလုံးကတော့ အသစ်တွေပါပဲ။ လေအေးပေးစက်ပါပြီး ကတ်စနစ်သုံးတဲ့ ငွေပေးချေစနစ်ကိုလည်း ကျင့်သုံးနေပါတယ်။ အခြားယာဉ်လိုင်းကုမ္ပဏီတွေရဲ့ ကားတွေလည်း အစီး ၄၀၊ ၅၀ လောက် နည်းနည်းချင်းစီ ရောက်ရှိနေတယ်လို့ သိရပါတယ်။ အစိုးရက မှာယူထားတဲ့ ကားတွေက ဧပြီလကုန်ပိုင်းလောက်မှာ ရရှိမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က



ပြောသည်။

အများပိုင် ဘတ်စ်ကားလိုင်း ကုမ္ပဏီများကလည်း ကုမ္ပဏီအလိုက် ကားသစ်များ ဝယ်ယူဖြည့်တင်းလျက်ရှိသည့်အပြင် အစိုးရချင်း ချိတ်ဆက်ဝယ်ယူမှုအစီအစဉ်ဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူမည့် ခရီးသည်တင်ယာဉ်အသစ် Brand New အစီး ၁၀၀၀ ကို ပထမဦးစွာ စတင်ဝယ်ယူသွားမည်ဖြစ်ပြီး ယင်းသို့ အစိုးရချင်း ချိတ်ဆက်မှုဖြင့် ဈေးနှုန်းသင့်တင့်ကောင်းမွန်သော ကားများ ဝယ်ယူရန် ညှိနှိုင်းအဆင်ပြေပါက ဒုတိယအဆင့် ယာဉ်အစီးရေ ၃၀၀၀ ထပ်မံဝယ်ယူသွားမည်ဟု သိရသည်။ **(၀၀၁)**

# Best National Costume Award ဆု ဆွတ်ခူးရရှိခဲ့သည့် Miss ထက်ထက်ထွန်းအတွက် ဂုဏ်ပြု

**ရန်ကုန် မတ် ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သော Best National Costume Award ဆု ဆွတ်ခူးရရှိခဲ့သည့် Miss Universe Myanmar 2016 မှ Miss ထက်ထက်ထွန်းအတွက် ဂုဏ်ပြုပွဲကို ယနေ့ည ၇ နာရီက မြန်မာပလာဇာ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

Nine Event Management မှပွဲစီစဉ်သောကိုထူးက "ဒီနေ့ပြုလုပ်တဲ့ပွဲကတော့ ဖိလစ်ပိုင်မှာဆုဆွတ်ခူးရရှိခဲ့တဲ့ ထက်ထက်ထွန်းအတွက် ဂုဏ်ပြုပွဲကျင်းပတာပါ။ ဖိလစ်ပိုင်နိုင်ငံကိုမသွားခင်မှာ ကျွန်တော်တို့ကို Supporting ပြုလုပ်တဲ့အနေနဲ့ အကျီပိုင်းဆိုင်ရာ၊ မိတ်ကပ်ပိုင်းဆိုင်ရာတွေကို ကူညီသူများရှိခဲ့ကြပါတယ်။ ပြီးတော့ဒီပွဲကလည်း သူများနိုင်ငံမှာ လုပ်နေပြီးမှသိလိုက်ရလို့ ကျွန်တော်တို့အနေနဲ့ အကျဉ်းချုံးပဲလုပ်လိုက်ရပါတယ်။ အခိုကတော့ ဒီလို Miss ပွဲတွေသွားရောက်ယှဉ်ပြိုင်တဲ့အခါမှာလည်း နိုင်ငံတော်အနေနဲ့ ပံ့ပိုးကူညီပေးသင့်တယ်လို့ထင်ပါတယ်။ တခြားနိုင်ငံတွေမှာဆို သယ်ဆောင်ယူသွားတဲ့ Package လိုပစ္စည်းတွေအတွက် တန်ဆာခမပေးဆောင်ရပါဘူး။ ဘယ် Miss ပြိုင်ပွဲဖြစ်ဖြစ်ပြောပြတာပါ။ နိုင်ငံတော်ကပံ့ပိုးမှ ကျွန်တော်တို့လိုသားသမီးတွေအတွက်တိုးတက်မှာပါ။ ပြည်သူတွေအနေနဲ့လည်း Miss ထက်ထက်ထွန်းကို ဆက်လက်ဝိုင်းဝန်းအားပေးပါလို့ပြောချင်ပါတယ်" ဟု ပြောသည်။



Miss Universe Myanmar 2016 ဆွတ်ခူးရရှိခဲ့သော ထက်ထက်ထွန်းက " ဒီ Miss ပွဲကတော့ နိုင်ငံပေါင်း ၈၆ နိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတာပါ။ Miss Universe Myanmar 2016 ကိုမြန်မာနိုင်ငံအနေနဲ့သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ရရှိတဲ့ဆုကတော့ Best National Costume Award ဆုဖြစ်ပါတယ်။ ဒီပြိုင်ပွဲအတွက် ဇန်နဝါရီ ၁၂ ရက်ကတည်းက Camp ဝင်ခဲ့ရတာပါ။ နိုင်ငံပေါင်းစုံက အလှမယ်တွေလာရောက်ယှဉ်ပြိုင်ကြတာဆိုတော့ အတွေ့အကြုံတွေအများကြီးရရှိခဲ့ပါတယ်။ ဒီဆုဆွတ်ခူးရခဲ့တဲ့အတွက် ထက်အနေနဲ့ရော မြန်မာနိုင်ငံအတွက်ပါ အလွန်ဂုဏ်ယူစရာ ကောင်းတာကို လုပ်နိုင်ခဲ့ပါတယ်။ National Costume နဲ့ပတ်သက်ပြီး ပြင်ဆင်မှုတွေ အခက်အခဲရှိခဲ့ပါတယ်။ ခု Miss တစ်ယောက်ဖြစ်သွားပြီဆိုတော့ ထက်အနေနဲ့ အနာဂတ်ကာလမှာ သရုပ်ဆောင်ဘက်ကိုကူးသွားဖို့အစီအစဉ်ရှိပါတယ်။ အရင်လည်းရုပ်ရှင်ဇာတ်ကား ခြောက်ကားရိုက်ကူးခဲ့ဖူးပါတယ်။ သင်္ကြန်အပြီးလောက်မှာ မော်ဒယ်အေဂျင်စီတည်ထောင်သွားဖို့ရှိပါတယ်။ ထက်ထက်ထွန်းဆိုတာ ပရိသတ်အတွက် အနုပညာလောကထဲကနေ အမြဲပေးဆပ်မှာမို့ ထက်ကို အမြဲချစ်ပြီးအားပေးပါလို့ ပရိသတ်ကိုပြောချင်ပါတယ်"ဟု ဆိုသည်။

အဆိုပါ Miss Universe Myanmar 2016 သွားရောက်ယှဉ်ပြိုင်ရန်နှင့်ပြည်သူများအားပေးရန်အတွက် အဆိုပါ Miss ထက်ထက်ထွန်းမှာ ဖိလစ်ပိုင်နိုင်ငံသို့မထွက်ခွာမီ မဟာဗန္ဓုလပန်းခြံ၌ သုံးရက်ကြာ Campaign ပြုလုပ်ခဲ့ကြောင်းသိရပြီး အဆိုပါ Miss ထက်ထက်ထွန်းပြုလုပ်ခဲ့သော Campaign မှာလည်း Miss လောကအတွင်း ပထမဦးဆုံး Campaign ဖြစ်ခဲ့ကြောင်း၊ Miss ထက်ထက်ထွန်းအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်က နောက်ဆုံးဖိုင်နယ်အဆင့်အနေဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး Miss Myanmar World 2014 နှင့် Miss Universe Myanmar 2016 ဆုအပါအဝင် အခြား Miss ဆု သုံးဆုဆွတ်ခူးရရှိခဲ့ကြောင်း၊ ထို့အပြင် ယနေ့ ညပိုင်းကကျင်းပခဲ့သည့် Miss Universe Myanmar 2016 ဆွတ်ခူးရရှိခဲ့သော Miss ထက်ထက်ထွန်းအတွက် ဂုဏ်ပြုချီးမြှင့်ပွဲ၌ ကူညီပံ့ပိုးခဲ့ကြသူများအား Miss ထက်ထက်ထွန်းက အမှတ်တရပန်းစည်းလက်ဆောင်များနှင့် အခြားလက်ဆောင်များပေးအပ်ခဲ့ကြောင်းသိရသည်။ **သတင်း-(စိုးဝင်း-MLA)၊ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

**❋ ရန်ကုန်မှ**

မြို့ပြနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော တံတားများကို အများပြည်သူ အသုံးပြုသွားလာရာတွင် လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရန်၊ အချိန်ကုန်သက်သာရန်နှင့် သယ်ယူပို့ဆောင်ခများ ကျဆင်းစေရန် ရည်ရွယ်၍ ဧပြီ ၁ ရက်မှ စတင်ကာ တံတားဖြတ်သန်းခများ ကောက်ခံခြင်းမပြုတော့ဘဲ အခမဲ့ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးကြေညာခဲ့သည်။

အဆိုပါ တံတားဖြတ်သန်းခ ကောက်ခံခြင်း မပြုတော့သည့်တံတားများမှာ ရန်ကုန်-သန်လျင်တံတား အမှတ်(၁)၊ ရန်ကုန်-သန်လျင်တံတား အမှတ် (၂)၊ ဘုရင့်နောင်တံတား အမှတ်(၁)၊ ဘုရင့်နောင်တံတား အမှတ် (၂)၊ အောင်ဇေယျကြီးတံတား၊ ရွှေပြည်သာတံတား၊ ပန်းလှိုင်တံတား၊ တွံတေးတံတား၊ မဟာဗန္ဓုလတံတားတို့ဖြစ်ကြောင်း သိရသည်။

ယင်းသို့ တံတားဖြတ်သန်းခများ ကောက်ခံခြင်းမပြုတော့ဘဲ အခမဲ့ဖြတ်သန်းခွင့်ပြုမည်ဖြစ်သော်လည်း တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အန္တရာယ်ကင်းရန်အတွက် တံတားများပေါ်တွင် သတ်မှတ်ခွင့်ပြုယာဉ်နှင့် အလေးချိန်အတိုင်းသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်သည့်အတွက် အများပြည်သူများမှ ပူးပေါင်းကူညီရန် မေတ္တာရပ်ခံထားသည်။ **(၀၀၁)**

# ဓမ္မာစရိယစာမေးပွဲ တတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၄ ရက်(တတိယနေ့)၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၆၄၁၆ ပါး အနက် ၁၂၉၃၃ ပါး ဖြေဆိုပြီး ပျက်ကွက် ၃၄၈၃ ပါးရှိ၍ ၇၈ ဒသမ ၇၈ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာဆောင်ရွက်ချက်များ

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအား တိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံအလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၂၃၄၆ ဦး၊ အမျိုးသမီး ၅၁၅၇ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၇၅၀၃ ဦးချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း လက်ခံရရှိမှု ၁၁၆မှုတွင် ကျေအေးမှု ၂၉ မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၂၂ မှုတို့ဖြစ်ပြီး ကျန် ၆၅ မှုအတွက် ခံစားခွင့်ရှိသူ ၄၃၅ ဦးအား ငွေကျပ် ၁၈၂၅၅၂၄၂၃ နှင့် အမေရိကန်ဒေါ်လာ ၂၀၁၇ဒေါ်လာကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၈၀၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၆၈ ဒေါ်လာ ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာ ရရှိစေရန်အတွက် မြို့နယ် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများ က စက်ရုံ/အလုပ်ရုံ ၉၂၈ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ် ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၇၆ ကြိမ်ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အမှုရှစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၈၃ဦးအတွက် ငွေကြေးအကျိုးခံစားခွင့်ကျပ်၂၃၃၄၇၅၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု ၁၆ မှုကိုဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၂၉ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေ ၁၅၃၂၀၃၂ ကျပ် ရရှိစေခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၆၆၀၀ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၄၈၅၁ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၇၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။အာမခံအလုပ်သမားများအား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှု ဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး (၃)ရုံ(ပြင်ပလူနာ ၆၉၉၈ ဦး ၊ အတွင်းလူနာ ၇၂၆ ဦး) | ၇၇၂၄ ဦး |
| (ခ ) | လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း(၅၀)နှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု | ၅၃၃၅၇ ဦး |
| (ဂ ) | အလုပ်သမားဆေးရုံကြီး (၃)ရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၂)ကြိမ် | ၅၈၂ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု အကြိမ် (၁၆၀) | ၃၄၆၅ ဦး |
| (င ) | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသပေးမှု | ၄၁၂၄ ဦး |

# ဦးကိုနီအား လုပ်ကြံခဲ့မှုတွင် ပါဝင်ပတ်သက်သူများကို တတိယအကြိမ်မြောက် ရုံးထုတ်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဦးကိုနီအား လုပ်ကြံခဲ့သည့် သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင်တရားရုံးတွင် ရုံးထုတ်ရာ လက်နက်အမှုနှင့်ပတ်သက်၍ တရားလိုဘက်ကို စတင်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအမှုကို မတ် ၃ ရက်က မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ယနေ့နံနက်ပိုင်းက တတိယအကြိမ်အဖြစ် ရုံးထုတ်ရာတွင် ကျူးလွန်သူ ကြည်လင်းနှင့်အတူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ ပါဝင်ခဲ့သည်။

"ဒီနေ့မှာတော့ တရားခံတွေရဲ့ ရှေ့နေတွေအားလုံးက ရှေ့နေကိုယ်စားလှယ်လွှဲစာတွေတင်လိုက်ပါပြီ။ တရားခံဘက်က ရှေ့နေတွေအားလုံးစုံပြီဖြစ်တဲ့အတွက် အမှုနဲ့ပတ်သက်ပြီး နောက်ရုံးချိန်းမှာ သက်သေတွေကို စပြီးစစ်ပါတော့မယ်။ စစ်ဆေးတဲ့အခါမှာလည်း အောင်ဝင်းခိုင်ကို ဖွင့်ထားတဲ့ (၂၀/၂၀၁၇) တရားခံပြေးအမှုနဲ့ အတူမိထားတဲ့တရားခံတွေကို ပူးတွဲပြီးစစ်ဆေးသွားမှာပါ။ ဒီနေ့ကတော့ ကြည်လင်းနဲ့ အောင်ဝင်းဇော်တို့ကို စွဲထားတဲ့ လက်နက်ပုဒ်မနဲ့ ပတ်သက်ပြီး တရားလိုကို စတင်စစ်ဆေးခဲ့ပါတယ်"ဟု မြောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယ ခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဦးခင်မောင်မြင့်က ပြောကြားသည်။

အမှုကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးတင်ထွေးက ဥက္ကဋ္ဌ၊ အရှေ့ပိုင်းခရိုင်တရားရုံးမှ တွဲဖက်ခရိုင်တရားသူကြီး ဦးဇော်ထူးနှင့် မြောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဦးအုန်းခိုင်တို့အဖွဲ့ဝင်အဖြစ်ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖွဲ့ပေးသည့်ခုံအဖွဲ့ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"လူသတ်မှုကိုစစ်ဖို့ ဒီကနေ့ ရှေ့နေပါဝါတင်တယ်။ လက်နက်ဥပဒေနဲ့စွဲတဲ့ အမှုနဲ့ပတ်သက်ပြီး တရားလို ဒုရဲမှူးကိုစစ်တယ်။ လောလောဆယ်တော့ စာရွက်စာတမ်းတွေအရ အောင်ဝင်းဇော်နဲ့ပတ်သက်ပြီး သေနတ်နဲ့ ကျည်ဆန်အကြောင်း ရဲတပ်ဖွဲ့က တင်ပြထားတဲ့ အချက်အလက် ဘာမှမရှိသေးပါဘူး"ဟု အောင်ဝင်းဇော်ဘက်မှ လိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော် ရှေ့နေ ဦးအောင်ခိုင်က ယနေ့စစ်ဆေးမှုနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုအပေါ် ဖြေကြားသည်။

ယင်းအမှုကို ရဲအုပ်မိုးနိုင်က တရားလိုပြုလုပ်၍ ကြည်လင်း(ခေါ်) ဖိုးထူးနှင့်အတူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့အား ရာဇသတ်ကြီး ပုဒ်မ-၃၀၂/ ၃၄/၂၁၂ ဖြင့်လည်းကောင်း၊ ရာဇဝတ်အထွေထွေအမှုအမှတ်(၂၀/၂၀၁၇)အရ အောင်ဝင်းခိုင်အား ရာဇသတ်ကြီးပုဒ်မ-၃၀၂/၃၄/၂၁၂/ကျင့် ၅၁၂ဖြင့်လည်းကောင်း၊ ရာဇဝတ်ကြီး အမှုအမှတ် (၄၆/၂၀၁၇) အရ ဒုရဲမှူး မြထွန်းကျော်က တရားလိုပြုလုပ်၍ ကြည်လင်း (ခေါ်) ဖိုးထူးနှင့် အောင်ဝင်းဇော်တို့အား လက်နက်ဥပဒေ ပုဒ်မ-၁၉(ဃ)(စ) တို့ဖြင့်လည်းကောင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနေ့ကတော့ လက်နက်မှုနဲ့ပတ်သက်လို့ ကနဦးစစ်ဆေးချက်ပဲရှိပါသေးတယ်။ ကနဦး စစ်ဆေးချက်နဲ့ပတ်သက်လို့ လက်နက်တွေအားလုံးဟာ အောင်ဝင်းဇော်နဲ့ မပတ်သက်ဘူးလို့ ငြင်းဆိုသော်လည်းပဲ ထိရောက်မှုမရှိဘူးဘဲ ပြောရပါမယ်။ လက်နက်မှုနဲ့ပတ်သက်လို့ နောက်ထပ်စစ်ဆေးစရာ သက်သေတွေကျန်နေပါသေးတယ်။ တကယ်တော့ စစ်ဆေးတဲ့အခါမှာ လက်နက်တွေအားလုံးဟာ ဘယ်လိုဆက်နွယ်ပြီးတော့ ကြည်လင်းရရှိတယ်ဆိုတာ ပေါ်ပေါက်လာမှာပါ။ လွတ်မြောက်နေတဲ့ အောင်ဝင်းခိုင်နဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ရုံးချိန်းတုန်းက ဝရမ်းတစ်စောင် ထပ်မံထုတ်ဆင့် ပေးဖို့လျှောက်ထားချက်ကို ပယ်ခဲ့တယ်။ ပယ်ခဲ့တဲ့ ကိစ္စအပေါ် မူတည်ပြီးတော့ ရှေ့အပတ်အင်္ဂါနေ့လောက်မှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကို ရာဇဝတ်ဆိုင်ရာပြင်ဆင်မှု တင်သွင်းမှာဖြစ်ပါတယ်"ဟု ဦးကိုနီဘက်မှ လိုက်လံဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဦးနေလက ယနေ့ရုံးထုတ်မှုနှင့်ပတ်သက်၍ မီဒီယာများအား ပြောကြားသည်။

အဆိုပါအမှုတွင် မြောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးအောင်နိုင်ဦး၊ ဦးကြည်မောင်၊ ဦးကောင်းမြတ်တို့က တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ပေးလျက်ရှိပြီး ရာဇဝတ်ကြီးအမှုအမှတ်(၄၅/၂၀၁၇)တွင် တရားလိုပြသက်သေ ၈၀ ခန့်နှင့် ရာဇဝတ်ကြီး အမှုအမှတ် (၄၆/၂၀၁၇ ) တွင် တရားလိုပြသက်သေ ရှစ်ဦးရှိကြောင်း သိရသည်။

အဆိုပါ အမှုကို မတ် ၃၁ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့ရုံးထုတ်ရာတွင် အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေများကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**




# ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ

**ရန်ကုန် မတ် ၂၄**

ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် မတ် ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးသာမက ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့အနေဖြင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ မဏ္ဍိုင်(၅)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ပုဂ္ဂလိကကဏ္ဍကို အရှိန်အဟုန်ဖြင့် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးကဏ္ဍ အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာရန် အတွက် မျှတသည့်ဈေးကွက်ယှဉ်ပြိုင်မှုဖြစ်စေရန်အတွက်လည်း မူဝါဒများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးကို ဆောင်ရွက်သွားဖို့လိုအပ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက် ထိုးဖောက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ၏ အခန်းကဏ္ဍကိုလည်း အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ပြီး လူငယ်၊ လူရွယ်များအား အခြေခံရုပ်ဝတ္ထုပိုင်း ကျွမ်းကျင်မှုများ (Hard Skills)နှင့် စဉ်းစားတွေးခေါ်မှုပိုင်း ကျွမ်းကျင်မှုများ (Soft Skills) ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးမှာလည်း အလွန်အရေးကြီးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် Public နှင့် Private များ၏စွမ်းရည်များကို ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပြီး အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

နှီးနှောဖလှယ်ပွဲကိုပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မတ် ၁၄ ရက်မှ မတ် ၂၁ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မောင်မိုးသူ | ကောင်းကင်ဘုံက မျက်နှာမလိုက်ပါဘူး | ၃၅၀၀ိ/- | ငါတို့စာပေ |
| ၂ | ဇော်ခိုင်ဦး | ဖွင့်ထားသောစာအုပ် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | မင်းဏီ | ထိုဝတ္ထုများ | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၄ | လက်ဆောင်ခံ | လှေကားမထောင်ဘဲမိုးပေါ်တက်ပါ | ၁၅၀၀ိ/- | |
| ၅ | မောင်သန်းနိုင် | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ချီးကျူးဂုဏ်ပြုခဲ့ရသောသူတို့၏ သူတို့ဘဝနှင့်သူတို့အကြောင်း | ၂၀၀၀ိ/- | မဖြိုမ |
| ၆ | လက်ာရည်ကျော် | မေတ္တာနှင့် လေလှိုင်းထဲမှ စာရေးဆရာ ဆရာဝန်၏ အတွေးများ | ၃၀၀၀ိ/- | နန်းဒေဝီ |
| ၇ | ကောင်းဆက်နိုင် | အံ့သြလွန်းလို့သေတော့မယ်-၆ | ၂၀၀၀ိ/- | ရသစာပေ |
| ၈ | The Key | မဟာတံတိုင်း စာစဉ် (၆၂) | ၁၅၀၀ိ/- | TheKeyCollection |
| ၉ | The Key | အေမီလီယာ အီးရားဟာတ့် (၆၃) | ၁၅၀၀ိ/- | TheKeyCollection |
| ၁၀ | ဇဝန | သေနတ်သံနှင့် အခြားဝတ္ထုတိုများ | ၁၅၀၀ိ/- | TheKeyCollection |
| ၁၁ | သရဝဏ်(ပြည်) | မြင့်ဆန်းအောင်နဲ့ ထိန်လင်း(သို့) အလက်ဇန္ဒားနဲ့ကင်မ်သို့ | ၃၀၀၀ိ/- | |
| ၁၂ | ဦးကျော်ဇေယျ | တရားမကျင့်ထုံးဥပဒေ/ရာဇဝတ်ကျင့်ထုံးနဲ့ နောက်ဆွဲတွဲပုံစံများ | ၅၀၀၀ိ/- | မယ်နဲ့မောင် |
| ၁၃ | သန်းစိုးနိုင် | မဟာဂန္ထဝင်-၁၀၀ | ၄၅၀၀ိ/- | တိုးမြစ် |
| ၁၄ | ဂမ္ဘီရဆရာလှမျိုး | ထင်ပေါ်ကျော်ကြားဆရာတော်ကြီးများ၏ သာသနာပြုဘဝလမ်းနှင့် အဓိဋ္ဌာန်ပါရမီစခန်း | ၃၀၀၀ိ/- | မဖြိုမ |
| ၁၅ | ဇော်နေလင်း | လူများ၊ လမ်းများ၊ ဘဝများ | ၃၅၀၀ိ/- | ယဉ်မျိုး |
| ၁၆ | မေသကြိန်ဟိန် | ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ပါ | ၂၅၀၀ိ/- | |
| ၁၇ | မောင်ခိုင်အောင် (စစ်တွေ) | အိုင်းရင်းနှင့်အိပ်ကျူရီ | ၂၇၀၀ိ/- | မုံရွေး |
| ၁၈ | ဒေါ်ခင်ဝင်းမြင့် | ၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ဥပဒေများ | ၆၀၀၀ိ/- | ရှုတိုင်းယဉ် |
| ၁၉ | မုဒိတာ(မြကျွန်းညို) | လက်ဆင့်ကမ်းပါ ဗုဒ္ဓသာသနာ-၃ | ၂၀၀၀ိ/- | ပါရမီ |
| ၂၀ | ချစ်ဦးညို | ဝိဇိတာဝီ | ၄၀၀၀ိ/- | မူဝံ |
| ၂၁ | မနောစင် | အမှားကိုဆန့်ခါတိုက်ခြင်း | ၅၀၀၀ိ/- | |
| ၂၂ | သဲသီရိကျော် | အခက်အခဲများကို ရင်ဆိုင်ဖြတ်သန်းခြင်း | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂၃ | ချစ်ဦးညို | နဝရတ်ကိုးသွယ် | ၁၈၀၀ိ/- | မူဝံ |
| ၂၄ | ထက်လင်းထွန်း | ယောဟန် (၂၀၁၆) | ၂၀၀၀ိ/- | နှင်းဆီဖြူ |
| ၂၅ | မြန်မာစာအဖွဲ့ | မြန်မာစာပေအနုပညာဆိုင်ရာ ကိုယ်ပိုင်အမည်များ အဘိဓာန် | ၃၀၀၀ိ/- | |
| ၂၆ | သခင်ဘဟိန်း | ကမ္ဘာစစ်နှင့် ဗမာ့နောင်ရေး | ၁၀၀၀ိ/- | မြနန္ဒာ |
| ၂၇ | မောင်ရဲခိုင် | မိုးမသောက် မှောင်မိုက် အရိပ်မပြေးမီ | ၄၀၀၀ိ/- | ဘဝတက္ကသိုလ် |
| ၂၈ | မောင်ညီညွတ် | ပရဟိတ သူတော်စင် မာသာထရီဇာ | ၁၅၀၀ိ/- | ပန်းဆက်လမ်း |
| ၂၉ | အောင်စည်သာ | အောင်မြင်သူတွေ ဘယ်လိုဦးဆောင်သလဲ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | ပဥ္စင်္ဂံစာတည်း | အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို | ၃၀၀၀ိ/- | ပဥ္စင်္ဂံ |
| ၃၁ | နေမျိုး | လက်ရွေးစင်ကဗျာများ | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၃၂ | အိုင်ဒီး | ကျွန်မဟာ ကဗျာပဲ မငိုပါနဲ့ | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၃၃ | ကျော်ဌေး | ဈေးကွက်ကို စနစ်တကျ အနိုင်ယူနည်း | ၄၅၀၀ိ/- | နှစ်ကာလများ |
| ၃၄ | ဥက္ကလာဝင်းကြည် | ဒလိဒ္ဒလာတို့၏ ပြုန်းပြင်းဆန်ခတ်များ | ၂၅၀၀ိ/- | ယဉ်မျိုး |
| ၃၅ | အရေးပိုင်မင်း ဝစ်လျံအလ်ဘရက်တိုး | မြန်မာ အင်ပိုင်ယာ ရာဇဝင်တော် (ပ+ဒု) | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၃၆ | နွေလေ | ငှက်တစ်ကောင်၏ တောင်ပံတစ်ခတ် | ၂၀၀၀ိ/- | ကောင်းသန့် |
| ၃၇ | ဝင်းငြိမ်း | အမှတ်တရ ရွှေ(၆၀) | ၇၀၀၀ိ/- | မဟာစာပေ |
| ၃၈ | ဂျက်လန်ဒန် | လူတန်းစားတိုက်ပွဲနှင့်တော်လှန်ရေးအက်ဆေးများ | ၁၂၀၀ိ/- | ယဉ်မျိုး |
| ၃၉ | မီနားဗား | ပိတ်မိနေသော စာသားများ | ၂၀၀၀ိ/- | နှင်းဆီဖြူ |
| ၄၀ | တောမှီရဟန်း | အဝိဟိသာနိုင်ငံရေး | ၄၀၀၀ိ/- | |
| ၄၁ | တက္ကသိုလ်နေဝင်း | စက္ကင်းလေဒီ | ၃၅၀၀ိ/- | နေရီရီ |
| ၄၂ | မယ်လွင် | Rosella | ၂၀၀၀ိ/- | ယဉ်မျိုး |
| ၄၃ | စောဦး | စောဦး၏စာ | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၄ | လူမွန်(ပခုက္ကူ) | ဦးဦးလက်ဆောင် ကလေးကဗျာများ | ၆၀၀ိ/- | မျိုးဆက်သစ် |
| ၄၅ | မင်းသိခ် | ဖီလိုဆိုဖာ ဦးမြသာ | ၃၀၀၀ိ/- | ဘုမ္မာဝတီ |
| ၄၆ | ကလောင်စုံ | ပန်မြန်မာ၏ ပထမပုံနှိပ်ဝတ္ထုတိုများ | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၇ | မောင်ရေအေး (ဟားဗတ်တက္ကသိုလ်) | ပို့ကုန်သွင်းကုန်လုပ်ငန်းဘယ်လိုထူထောင်မယ် | ၄၀၀၀ိ/- | အခွင့်အလမ်း |
| ၄၈ | မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) | Supply Chain စီမံခန့်ခွဲမှု | ၃၅၀၀ိ/- | အခွင့်အလမ်း |
| ၄၉ | ပူခေါမောင်း(မင်းတပ်) | မန်းရွှေစက်တော်ရာ ကမ္ဘာအေးချင်းဘုရားသမိုင်း | ၁၀၀၀ိ/- | သုဒဿနစာပေ |
| ၅၀ | ဒေါက်တာသူ | မြင့်သူတွေကြားမှာ နှိမ့်နေပါ | ၃၅၀၀ိ/- | ရွက်စိမ်းစာပေ |
| ၅၁ | ဒေါက်တာ အရှင်ဥတ္တမာနန္ဒ(ပီအိပ်ချ်ဒီသီရိလင်္ကာ) | ပညာရေးလမ်းသွားဟန်လွှဲနှင့်အလုပ် | ၅၀၀၀ိ/- | ရွက်စိမ်းစာပေ |



# လောက်ကိုင်ဒေသပစ်ခတ်မှုတွင်သေဆုံးသွားသော မူလတန်းပြဆရာမဒေါ်ဗျာမီးအတွက် ထောက်ပံ့ငွေပေးအပ်

**လားရှိုး မတ် ၂၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ပညာရေးဝန်ကြီးဌာနမိသားစုမှ လောက်ကိုင်ဒေသ ပစ်ခတ်မှု ဖြစ်စဉ်တွင် သေဆုံးသွားသောမူလတန်းပြ ဆရာမဒေါ်ဗျာမီး၏ ကျန်ရစ်ခဲ့သော(၂လခွဲ)အရွယ် သမီးငယ် မဆောင်းဒီဇင်ဘာထွန်းအတွက် ထောက်ပံ့ငွေ ကျပ်နှစ်ဆယ့်ရှစ်သိန်းငါးသောင်းကို ပညာရေးဝန်ကြီးဌာန ကိုယ်စား တာဝန်ရှိသူများက မတ် ၂၃ ရက် နံနက် ၉ နာရီတွင် အဘိုးအဘွားများဖြစ်ကြသော ဦးဇော်ထွန်း၊ ဒေါ်ကြည်ကြည်လွင်တို့၏နေအိမ်သို့ သွားရောက်ပေးအပ်ခဲ့ကြောင်းသိရသည်။

**ဟန်ဌေး(လားရှိုး)**




# ကလေးများအတွက် ဆေးရောင်ခြယ်နှင့် စက္ကူအရုပ်ခေါက်ကစားနည်းများ ပြုလုပ်ပေး

**နေပြည်တော် မတ် ၂၄**

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပြည်သူကို ဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့လာရောက်၍ စာအုပ်စာစောင်များငှားရမ်းသည့် ကလေးငယ်များအတွက် ဉာဏ်ရည်ထက်မြက်သည့်ကစားနည်းများ ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များအချင်းချင်း ရင်းနှီးမှုရှိစေခြင်း၊ စည်းလုံးမှုရှိစေခြင်း၊ ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ အသင်းအဖွဲ့များဖြင့်နေထိုင်တတ်စေရန် ရည်ရွယ်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆေးရောင်ခြယ်နှင့် စက္ကူအရုပ်ခေါက်ကစားနည်းများပြသပြီး ကလေးများက ဆော့ကစားကြသည်။ နွေရာသီကျောင်းပိတ်ရက်များ ဖြစ်သည့်အတွက် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာအုပ်ငှားရမ်းသည့် ကလေးစာဖတ်သည့်ကလေး၊ ကစားသည့်ကလေးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာခေတ်ဆန်းပန်းချီနှစ်(၁၀၀ )ပြည့် အခမ်းအနား ၂၀၁၈ နှစ်ဦးပိုင်းတွင်ကျင်းပရန်စီစဉ်

**ရန်ကုန် မတ် ၂၄**

မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး (ဗဟို)သည် ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းကာလတွင် မြန်မာခေတ်ဆန်းပန်းချီနှစ်(၁၀၀)ပြည့် အခမ်းအနားကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ကြီးမားသည့် ပုဂံယဉ်ကျေးမှုနယ်မြေတွင် ရာပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတကာပန်းချီ၊ ပန်းပုပြပွဲကြီးကို ခမ်းနားစွာကျင်းပပြီး ရာပြည့်မဂ္ဂဇင်း ထုတ်ဝေနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်းကို အစည်းအရုံး ဗဟိုအလုပ်အမှုဆောင် (နိုင်ငံတကာဆက်ဆံရေးမှူး) ဦးမိုးကျော်သန့်က ပြောသည်။

မြန်မာတစ်နိုင်ငံလုံးမှ ပန်းချီ၊ ပန်းပု အနုပညာရှင်များ ပူးပေါင်းပါဝင်နိုင်ရေးကို ရည်ရွယ်ပြီး ပြပွဲကြီးကို ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသတွင် ကျင်းပရန်ရည်ရွယ်ထားကြောင်း၊ မိမိတို့ နိုင်ငံသားများနှင့် နိုင်ငံတကာမှ ပိုမိုသိရှိ တန်ဖိုးထားစေရန်နှင့် ကမ္ဘာ့အမွေအနှစ် စာရင်းသွင်းမည့်ကိစ္စရပ်များတွင် အသိအမှတ်ပြုလာအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပန်းချီ၊ ပန်းပု အနုပညာပွဲတော်ကြီးကို ထိရောက်အောင်မြင်စေရန် "3p" Public, Private, Partnership ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ချဉ်းကပ်မှုအဖြစ် Culture Site Museum သုတေသနလုပ်ငန်းများ ကျင်းပမည့်နေရာအခင်းအကျင်း Servey ပြုလုပ်ရန်နှင့် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းအတွက် အကြိုလှုပ်ရှားမှုများအဖြစ် သတင်းအချက်အလက် မှတ်တမ်းဓာတ်ပုံများ၊ ဒေသခံပန်းချီပညာရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်းများ၊ လက်တွေ့ပန်းချီရေးဆွဲခြင်း အစီအစဉ်များကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ခရီးစဉ်ရေးဆွဲပြီး စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးမိုးကျော်သန့်က ရှင်းပြသည်။

ယမန်နေ့ နံနက်ပိုင်းတွင် မြန်မာမင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာအဖွဲ့၏တာဝန်ခံ ဒေါ်ကြည်လင်းက အစည်းအရုံး(ဗဟို)တွင် အသုံးပြုရန်အတွက် ပရိုဂျက်တာတစ်လုံး လာရောက်လှူဒါန်းရာ အစည်းအရုံး (ဗဟို)မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဒုတိယဥက္ကဋ္ဌဦးကေကျော်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(အောင်ထွန်း)**






# ကမ္ဘာ့အကောက်ခွန်အဖွဲ့ အထွေထွေအတွင်းရေးမှူး မြန်မာ့အကောက်ခွန်၏ MACCS စနစ်သို့ လေ့လာ

**ရန်ကုန် မတ် ၂၄**

ကမ္ဘာ့အကောက်ခွန်အဖွဲ့ အထွေထွေအတွင်းရေးမှူး Mr. Kunio Mikuriya နှင့်အဖွဲ့သည် မတ် ၂၂ ရက် နံနက် ၉ နာရီခွဲက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)သို့ လာရောက်လည်ပတ်ခဲ့ပြီး လက်ရှိ မြန်မာ့အကောက်ခွန်တွင် ကျင့်သုံးနေသော မြန်မာ့အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) ဆောင်ရွက်နေသည်တို့ကို လေ့လာကြည့်ရှုခဲ့ပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် ကမ္ဘာ့အကောက်ခွန်အဖွဲ့သည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော တာဝန်ရှိသူများ၊ MACCS ဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မြန်မာ့အကောက်ခွန် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုကိစ္စရပ်များနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံ ပြတင်းတစ်ပေါက်စနစ် (ASEAN Single Window ASW) တို့ကို အကောင်အထည်ဖော် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ရာ ယခုကျင့်သုံးနေသော MACCS စနစ်သည် ယင်းစနစ်ကို ဝင်ရောက်ချိတ်ဆက်နိုင်ရေးနှင့် မြန်မာ့အကောက်ခွန် ထုတ်ကုန်၊ သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့သည် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)အတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ အကောက်ခွန်သမိုင်းပြတိုက်၊ MACCS ဌာနခွဲနှင့် မြန်မာ့အကောက်ခွန်တွင် MACCS စနစ် အသုံးပြု၍ သွင်းကုန်၊ ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လေ့လာခဲ့သည်။ **(ဝဝ၁)**






## အကောက်ခွန်မဲ့ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၂၄**
တရားမဝင်ကုန်စည်များ ကူးသန်းရောင်းဝယ်နေမှုများကို အဓိကကုန်စည် သယ်ပို့ရေးလမ်းကြောင်းနှစ်ခုဖြစ်သည့် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး-မူဆယ်လမ်းပေါ်ရှိ ရေပူစစ်ဆေးရေးဂိတ်စခန်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းရှိ ရန်ကုန်-မြဝတီ လမ်းကြောင်းပေါ်ရှိ မရမ်းချောင် စစ်ဆေးရေးစခန်းတို့တွင် တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ၁၂ ဘီးယာဉ်တွင် အကောက်ခွန်မဲ့ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ် ဆက်စပ်ပစ္စည်းများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ စစ်ဆေးရာတွင် ထူးခြားသိမ်းဆည်းမှုအနေဖြင့် မတ် ၂၀ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ၁၂ ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ် ဆက်စပ်ပစ္စည်းများ၊ ဘက်ထရီအပါအဝင် လူသုံးကုန်ပစ္စည်းများနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်အပါအဝင် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၆၁ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ စစ်ဆေးရေးဂိတ်စခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးလျက်ရှိရာ မတ် ၂၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင် ကုန်သွယ်နေမှုအား တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၆၁ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးကျပ် ၁၁ ဒသမ ၅၅၆၅ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် မတ် ၁ ရက်မှ စတင်ကာ ရေပူစစ်ဆေးရေးဂိတ်စခန်းနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ ပါဝင်သည့်အဖွဲ့များက တရားမဝင်ကုန်သွယ်မှုများကို တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မတ် ၂၃ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၅ စီး၊ သွင်းကုန် ၈၁၆ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(ဝဝ၁)**

## အစာအဆိပ်သင့်မှုမဖြစ်ပွားစေရေး နှိုးဆော်ချက်

အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှု မဖြစ်ပွားစေရန်အတွက်

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်**

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်း မပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များအား ဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။
၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၃။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ။
၄။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ။
၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေးစားသုံးပါ။ ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင်နွှေးပြီးမှ စားသုံးပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

၆။ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရှိသူများနှင့် ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့မှ ရှောင်ကြဉ်ပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ခြင်းနှင့် ထိရောက်သော ကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မြောင်မြို့နယ် ကျောက်ရစ်(အရှေ့)ကျေးရွာတွင် ငါးထောင်တန် ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲသူများအား ဖမ်းဆီးအရေးယူ

**မြောင် မတ် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ရစ်(အရှေ့)ကျေးရွာတွင် မတ်၂၃ ရက် ညနေ ၅ နာရီ ၅၅ မိနစ်က ရတနာဗိုလ် စတိုးဆိုင်အတွင်းတွင် ငွေစက္ကူအတုဟုယူဆရသော ငွေများဖြင့် ဈေးဝယ်နေခြင်းကို သံသယဖြစ်ခြင်းကြောင့် ဆိုင်ရှင်က ကျောက်ရစ်ရဲကင်းသို့ ဖုန်းဖြင့်အကြောင်းကြားအသိပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ရစ်(အရှေ့) ကျေးရွာ ရတနာဗိုလ် စတိုးဆိုင်တွင် မတ် ၂၃ ရက် ညနေ ၅ နာရီ ၅၅ မိနစ်က ဈေးများဝယ်ရာမှငွေပေးချေမှုပြုရာတွင် ငါးထောင်တန်များမှာ အတုဟုယူဆရခြင်းကြောင့် ဆိုင်ပိုင်ရှင် ဦးဘိုသန်းက ကျောက်ရစ်ရဲကင်းသို့ဖုန်းဆက်၍ အကြောင်းကြားခဲ့ခြင်းကြောင့် ရဲကင်းစခန်းမှူး ရဲအုပ်အောင်ကျော်မိုး၊ ကျောက်ရစ်ကျေးရွာအုပ်ချုပ်ရေးမှူးဦးတင့်ဇော်ဦး၊ ရွာခွဲတာဝန်ခံ ဦးဇော်မြင့်စိုးတို့နှင့်အတူ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ရာ အဆိုပါဆိုင်အတွင်းသို့ ရောက်ရှိနေကြသော ဘစန်း(ခ) မစန်း(၃၈)နှစ် ထီးချိုင့်မြို့နယ် ချွန်တောင်အုပ်စု ဝဲကြီးကျေးရွာနေသူနှင့် ဖိုးထောင်(ခ) ထွန်းရင် လိပ်စာတူထံမှ ငါးထောင်တန် ငွေကျပ် ၃၀၅၀၀၀ နှင့် သက်သေခံပစ္စည်းများဖြစ်သည့် လက်ကိုင်ဖုန်း နှစ်လုံး၊ HIBIRD အစိမ်းရောင်စူပါကတ် နံပါတ်ပြားမပါကိုသိမ်းဆည်းခဲ့ပြီးနောက် တရားခံများ၏ပြောပြချက်အရဘစန်း(ခ)မစန်း နေအိမ်အနောက်တောင်ထောင့်ရှိ ကြောင်လျှာပင်အနီး ပလတ်စတစ်ဖြင့် ထုပ်ထားပြီး မြေအတွင်း တူးမြှုပ်ထားသည့် ငါးထောင်တန် နံပါတ်အစုံ ငွေကျပ် ၁၀ သိန်းအား ထပ်မံသိမ်းဆည်းမှုများ ပြုလုပ်ခဲ့ပြီး ကျောက်ရစ်ရဲကင်းစခန်းမှူး ရဲအုပ်အောင်ကျော်မိုးက တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။ ၎င်းတရားခံများသည် ထီးချိုင့်မြို့နယ် ချွန်တောင်အုပ်စုတုန်ငယ်ကျေးရွာနေထိုင်သူ ပိုသန်း (၄၂)နှစ်ထံမှ ၃၀ ရာခိုင်နှုန်း ပြန်သွင်းစနစ်ဖြင့် ငွေကျပ်တစ်ဆယ့်သုံးသိန်း ရှစ်သောင်းတိတိ ယူလာခဲ့ကြောင်းနှင့် ပိုသန်း(၄၂)နှစ် အိမ်တွင်လည်း ငွေအတုလုပ်စက်ရှိကြောင်း ပြောပြချက်အရ အမှုအား ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အမှုအား ရဲအုပ်အောင်ကျော်မိုးက လက်ခံစစ်ဆေးကာ တရားခံများအား (ပ)၄၇/၁၇ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ ဖြင့် အရေးယူဆောင်ရွက်ကာ အမြန်တရားစွဲတင်ပို့နိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးသောင်းငွေ၊ မြို့နယ်စခန်းမှူး ဒုရဲမှူးတင်လှိုင်တို့က အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တင်ကိုကို)**

## လားရှိုးမြို့နယ်တွင် ငွေကျပ် သိန်းပေါင်း ၁၆၇၂ သိန်းတန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၄**
လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက်က လားရှိုးမြို့နယ် ကောင်းကြဲ(အီ)ကျေးရွာအုပ်စု ဖာလန်းကျေးရွာ လမ်းမပေါ်တွင် တူးနန်မောင်းနှင်သည့် မော်တော်ယာဉ်ကို ရှာဖွေရာ ရောင်စုံဆပ်ပြာခွက် ၆၁ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၇၄၉ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၄၁၀၀ တို့ကိုလည်းကောင်း။

အလားတူ မတ် ၂၃ ရက်က မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ဘော်ဒေကျေးရွာနေ ဝင်းလှိုင်၏ နေအိမ်အားရှာဖွေရာ ၎င်းအားနေအိမ်တွင် မတွေ့ရှိဘဲ ၎င်း၏သားဖြစ်သူ ထွန်းလင်းနိုင်အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၀၉၈ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**


**တူးနန်အား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## ကသာမြို့နယ်တွင် ဘိန်းဖြူ ကျပ်သိန်း ၁၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**အင်းတော် မတ် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် လမ်းခွကျေးရွာအနီး ဆိုင်ကယ်ဖြင့်သယ်ဆောင်လာသော ဘိန်းဖြူ ကျပ်သိန်း ၁၀၀ ကျော်ဖိုးကို မတ် ၂၃ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မတ် ၂၃ ရက်ည ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ဒုတိယရဲမှူးမြင့်နိုင်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စု ကသာ-အင်းတော်သွားကားလမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ကသာမှ အင်းတော်သို့ ဗန်းမောက်မြို့နယ်ခေါင်းကိုက်ရွာနေ ချိုဦးမောင်းနှင်လာသော ကန်ဘို ၁၂၅ အနက်ရောင်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ချိုဦးဝတ်ဆင်ထားသည့် ဖက်ရှင်တံဆိပ်ပါ အညိုရောင်သားရေဂျာကင်အကျီနှင့်ခန္ဓာကိုယ်ကြား သို့ဝှက်သယ်ဆောင်လာသော LOVE IS FLOWER စာတန်းပါ ရောင်စုံဆပ်ပြာခွက်အတွင်း ပလတ်စတစ်အကြည်ဖြင့် ထုပ်လျက် ဘိန်းဖြူအလေးချိန် ၁၂ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၂ ခွက် စုစုပေါင်းအလေးချိန် ၁၄၄ ဂရမ် (ကာလတန်ဖိုး ၁၄၄ သိန်း)အား တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ ချိုဦး(၄၃)နှစ် ဗန်းမောက်မြို့နယ် ခေါင်းကိုက်ရွာနေသူအား ကသာမြို့မရဲစခန်းမှ မယ(ပ)၁၀/၂၀၁၇ မူး/စိတ်ပုဒ်မ ၁၅/၁၉(က) အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## ယာဉ်နောက်ပြန်လျှောကျရာမှ ချောက်ထဲပြုတ်ကျ၍ ယာဉ်မောင်းသေဆုံး

**ကလေးဝ မတ် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့တွင် မတ် ၂၃ ရက် ညနေ ၃ နာရီက ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်နေ ယာဉ်မောင်း မင်းအောင်(၄၁)နှစ် မောင်းနှင်လာသော (GL/-------)နံပါတ်ပါ ဟော်လန်အပြာရောင်အမျိုးအစားယာဉ်သည် ကလေးဝ- အောင်ချမ်းသာ ကားလမ်းမိုင်တိုင်အမှတ်(၂/၀) ဇီးဒေါင့်ကျေးရွာအနီး ဒေသအခေါ် ရွာချွန်အတက်တွင် ယာဉ်နောက်ပြန်လျှောကျပြီး လက်ယာဘက်ခြမ်း ပေ ၅၀ ခန့်ရှိချောက်ထဲသို့ ပြုတ်ကျခဲ့ရာ ယာဉ်မောင်း မင်းအောင်သည် ယာဉ်ပိ၍သေဆုံးသွားခဲ့သည်။

အဆိုပါအမှုအား ကလေးဝမြို့မရဲစခန်းမှ ရဲအုပ်မျိုးမြင့်သန်းက ယာဉ်(ပ)၂/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၀၄-ကဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ချင်းတွင်းသား )**

# မန်ယူကို ပြန်လာချင်ကြောင်း သဘောထားပေါ်ပေါ်ထင်ထင် ပြသလိုက်ပြီဖြစ်တဲ့ ဟာနန်ဒက်ဇ်




တိုက်စစ်မှူး ဟာနန်ဒက်ဇ်က မန်ယူနည်းပြ မော်ရင်ဟို၏ အင်တာဗျူးကို သူ၏ တွစ်တာစာမျက်နှာပေါ်တွင် ပြန်လည်တင်လိုက်ခြင်းဖြင့် အသင်းဟောင်း မန်ယူသို့ ပြန်လာချင်သည့် သူ့ဆန္ဒကို ပေါ်ပေါ်ထင်ထင် ပြသခဲ့သည်။ ဟာနန်ဒက်ဇ်မှာ မန်ယူနည်းပြ ဗန်ဟားလ်လက်ထက်တွင် မန်ယူမှ လေဗာကူဆင်သို့ ၂၀၁၅ ခုနှစ် ဩဂုတ်လ၌ ပြောင်းရွှေ့ကြေး ပေါင် ၇ ဒသမ ၃ သန်းဖြင့် ရောင်းချခံခဲ့ရသူဖြစ်သည်။

မန်ယူပရိသတ်အများစုက ဗန်ဟားလ်၏ ဆုံးဖြတ်ချက်အပေါ် မတင်မကျ ဖြစ်နေကြဆဲဖြစ်ပြီး မန်ယူနည်းပြ မော်ရင်ဟိုက "ကျွန်တော်သာရှိနေရင် ချီချာတို(ဟာနန်ဒက်ဇ်)၊ ဝဲလ်ဘတ်နဲ့ ဒီမာရီယာတို့လို ကစားသမားတွေ အသင်းကနေ ထွက်ခွာဖို့ အခွင့်အရေးရမှာမဟုတ်ပါဘူး။ သူရောင်းချခဲ့တဲ့ ကစားသမားတွေကို ဘယ်တော့မှရောင်းချမှာ မဟုတ်သလို သူ့လက်ထက် ဝယ်ယူခဲ့တဲ့ ကစားသမားတွေလည်း ဘယ်တော့မှ ဝယ်ယူဖြစ်မှာ မဟုတ်ပါဘူး" ဟု အင်တာဗျူးတစ်ခုတွင် ထည့်သွင်းဖြေကြားခဲ့သည်။ အဆိုပါအင်တာဗျူးကို ဟာနန်ဒက်ဇ်က သူ၏ တွစ်တာ စာမျက်နှာပေါ်တွင် ပြန်လည်တင်ခဲ့သလို ပရိသတ်များက သူ့ကိုပြန်လည်ခေါ်ယူရန် တိုက်တွန်းထားသည့် တွစ်တာစာမျက်နှာပေါ် ရေးသားထားမှုများကို ကြိုက်နှစ်သက်ကြောင်း ဖော်ပြခဲ့သည်။

လတ်တလော အခြေအနေအရ မန်ယူအသင်းသည် သွင်းဂိုးများ ရရှိရန် အသက်(၃၅)နှစ်အရွယ် တိုက်စစ်မှူး အီဗရာဟီမိုဗစ် တစ်ဦးတည်းအပေါ်တွင် မှီတည်နေရပြီး မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီမှာလည်း လာမည့် နွေဈေးကွက်အတွင်း မန်ယူမှ ထွက်ခွာရန် သေချာသလောက်ရှိနေသည်။ ယင်းသို့သော အခြေအနေမျိုးတွင် ဟာနန်ဒက်ဇ်က မော်ရင်ဟို၏ ပြောကြားချက်များ၊ မန်ယူပရိသတ်များ၏ ရေးသားချက်များကို သူ၏ တွစ်တာ စာမျက်နှာပေါ်တွင် ဖော်ပြခြင်းဖြင့် မန်ယူက သူ့အား ခေါ်ယူလျှင် ပြန်လည်ပူးပေါင်းလိုသည့်ဆန္ဒကို ပေါ်ပေါ်ထင်ထင် ဖွင့်ဟခဲ့သည်။ သို့သော် ဟာနန်ဒက်ဇ်မှာ လေဗာကူဆင်အသင်းအတွက် ၃၃ ပွဲဝင်ရောက်ကစားပြီး သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူပေးထားသူဖြစ်သဖြင့် လေဗာကူဆင်အသင်းက အနည်းဆုံးပေါင် ၂၀ သန်းလောက် ဈေးခေါ်လိမ့်မည်ဖြစ်ရာ မန်ယူအသင်းက သူ့အား ပြန်လည်ဝယ်ယူလျှင် ရောင်းချစဉ်ကထက် ဈေးနှုန်းသုံးဆနီးပါး ကုန်ကျမည်ဖြစ်သည်။

# လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများ

**အပြောင်းအရွှေ့သတင်းတွေကို ကမ္ဘာ့ဘောလုံးရာသီဈေးကွက်က နွေဈေးကွက်နဲ့ ဇန်နဝါရီ ဈေးကွက်နှစ်ကြိမ်သာ ဖွင့်လှစ်ပေမယ့် ဘယ်ကစားသမားက ဘယ်အသင်းကို ပြောင်းလဲဖို့ ချိတ်ဆက်နေပြီ၊ ဘယ်နည်းပြကိုတော့ ဘယ်အသင်းကရရှိရေး ကြိုးပမ်းနေပြီဆိုတဲ့ သတင်းတွေက အမြဲတစေထွက်ပေါ်နေတာပဲဖြစ်ပါတယ်။ ကစားသမားတွေက ဈေးကွက်ဖွင့်လှစ်ချိန်မှ ပြောင်းရွှေ့ကြရပေမယ့် နည်းပြအပြောင်းအလဲကိစ္စရပ်တွေကတော့ အချိန်အခါမရွေး ဖြစ်ပေါ်နေတာပဲဖြစ်ပါတယ်။ ဒါပေမယ့် စာမျက်နှာ အခက်အခဲကြောင့် အပြောင်းအရွှေ့သတင်းတွေ ဖော်ပြပေးဖို့ရာ ခဏခဏ ပျက်ကွက်နေတာကြောင့် နောက်ဆုံးထွက်ပေါ်လာတဲ့ အပြောင်းအရွှေ့သတင်းတွေကို စုစည်းပြီး အပတ်စဉ် စနေနေ့တိုင်း တင်ဆက်ပေးသွားမှာပဲ ဖြစ်ပါတယ်။**

## ကော်တင်ဟို ရရှိရေး ကြိုးပမ်းလာပြန်တဲ့ ဘာစီလိုနာ

ဘာစီလိုနာအသင်းက ပြီးခဲ့တဲ့ ဇန်နဝါရီ ဈေးကွက် တစ်ခုလုံး လီဗာပူးကွင်းလယ်လူ




ကော်တင်ဟိုကို ရရှိဖို့ ကြိုးပမ်းခဲ့ပေမယ့် ကော်တင်ဟိုက လီဗာပူးနဲ့ သက်တမ်းတိုး စာချုပ် လက်မှတ်ရေးထိုးကာ လက်ရှိကလပ်အသင်းအပေါ် သူ့ရဲ့သစ္စာထားမှုကို ပြသခဲ့ပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းကတော့ အသက်အရွယ် ထောက်လာပြီဖြစ်တဲ့ အင်နီယေစတာနေရာမှာ အစားထိုးဖို့ ကွင်းလယ်လူတစ်ဦးကို ရှာဖွေနေကာ ကော်တင်ဟိုနဲ့ ပီအက်စ်ဂျီ ကွင်းလယ်လူ ဗာရက်တီတို့ဟာ ဘာစီလိုနာရဲ့ အဓိက ပစ်မှတ်ဖြစ်နေပါတယ်။ ဘာကာက ကော်တင်ဟိုအတွက် ပေါင်သန်း ၆၀ လောက် ပေးချေဖို့ရှိတာကြောင့် ဆွာရက်ဇ်၊ တောရက်စ်တို့လို အဓိက ကစားသမားတွေကို ထုတ်ရောင်းဖူးတဲ့ လီဗာပူးတို့ ကော်တင်ဟိုကိုလည်း လက်လွှတ်နိုင်ခြေ ရှိနေတယ်လို့ သိရပါတယ်။

## မန်စီးတီးရဲ့ အဓိက ပစ်မှတ် ဘိုနူချီ၊ ရူဒီဂါနဲ့ မက်ဆီ

မန်စီးတီးအသင်းက လက်ရှိအားနည်းနေတဲ့ နောက်တန်းကို ပြုပြင်ဖို့ ကမ္ဘာ့အကောင်းဆုံး နောက်ခံလူတွေကို ရောက်ရှိရေး ကြိုးပမ်းရာမှာ ဂျူဗင်တပ်အသင်း ဝါရင့်နောက်ခံလူ ဘိုနူချီနဲ့ ရိုးမားနောက်ခံလူ ရူဒီဂါတို့ဟာ မန်စီးတီးရဲ့ အဓိက ပစ်မှတ်ဖြစ်လာခဲ့ပါပြီ။ မန်စီးတီးအသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ နောက်တန်းခံစစ်ပိုင်းအတော်လေး ယိမ်းယိုင်နေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း မိုနာကိုအသင်းကို နှစ်ကျော့ပေါင်း ခြောက်ဂိုးအထိ ပေးခဲ့ရပါတယ်။ မန်စီးတီးအသင်းက ဘိုနူချီအတွက် အနည်းဆုံး ပေါင်သန်း ၅၀၊ ရူဒီဂါအတွက် ပေါင်သန်း ၃၀ လောက် အသုံးပြုသွားရဖွယ်ရှိနေပါတယ်။ ဒါ့အပြင် လာမယ့်ရာသီနွေဈေးကွက်မှာ အလိုရှိတဲ့ကစားသမားကို ခေါ်ယူဖို့ ပေါင်သန်း ၂၀၀ အထက် အသုံးပြုခွင့်ရရှိထားတာကြောင့် မက်ဆီကို ခေါ်ယူနိုင်မယ်လို့ ဂွါဒီယိုလာဘက်က ယုံကြည်မှုအပြည့်ရှိနေတာဖြစ်ပါတယ်။ မက်ဆီဟာ ဘာကာနဲ့ လစာကိစ္စညှိနှိုင်းလို့ မရသေးဘဲ လာမယ့် ၂၀၁၈ နွေမှာ ဘာကာနဲ့ မက်ဆီတို့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။ သတင်းရင်းမြစ်တွေရဲ့ အဆိုအရတော့ မန်စီးတီးကနေ ကစားသမား ၁၈ ယောက်လောက်အထိ ထွက်ခွာဖို့ရှိနေသလို




ပစ်မှတ်ထားခေါ်ယူဖို့ ကစားသမားအမြောက်အမြားရှိနေတာကြောင့် ကစားသမားအဝင်၊ အထွက် ကြမ်းမယ်လို့ သိရပါတယ်။

## အက်သလက်ကနေ လွတ်လွတ်လပ်လပ် ထွက်ခွာခွင့်ရှိတဲ့ ဆီမွန်နီ

အက်သလက်တီကို အသင်းရဲ့ ပွဲကိုင်ရှင် ဆီမွန်နီအနေနဲ့ အက်သလက်ကနေ လွတ်လွတ်လပ်လပ် ထွက်ခွာခွင့်ရှိတယ်ဆိုတာ



အများပြည်သူ သိရှိခွင့်ရခဲ့ပါတယ်။ အက်သလက်နဲ့ ဆီမွန်နီတို့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်ထဲမှာ လျော်ကြေးငွေ ယူရိုသန်း ၅၀ ပေးချေရင် အသင်းက ထွက်ခွာခွင့်ရရှိမယ်ဆိုတဲ့ အချက်ပါရှိတာကြောင့် ဒီအာဂျင်တိုင်း နည်းပြကြီးအနေနဲ့ လက်ရှိကလပ်အသင်းကနေ ထွက်ခွာချင်ရင် လွတ်လွတ်လပ်လပ် ထွက်ခွာခွင့်ရနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် အက်သလက်ကနေ ဆီမွန်နီထွက်ခွာဖြစ်တယ်ဆိုရင် ဒါဟာ အင်တာမီလန်(သို့မဟုတ်) အာဆင်နယ်ကို သွားရောက်ကိုင်တွယ်ဖို့ မဟုတ်ဘူးလို့ အတည်ပြုနိုင်ကြောင်း မာကာတို သတင်းဌာနရဲ့ဖော်ပြချက်အရ သိရပါတယ်။

## ရှမိုက်ကယ်ကို ရီးယဲလ်နဲ့ မန်ယူတို့ ပစ်မှတ်ထားလာကြပြန်

လက်စတာ ဂိုးသမား ကပ်စ်ပါရှမိုက်ကယ်ကို မန်ယူနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့က စိတ်ဝင်တစား စောင့်ကြည့်နေပါတယ်။ မန်ယူအသင်းကလည်း ဂိုးသမား ဒီဂီယာဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချိတ်ဆက်မှုတွေ ရှိနေတာကြောင့် ကပ်စ်ပါ ရှမိုက်ကယ်ကို ခေါ်ယူဖို့ ကြိုးပမ်းလာတာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းကလည်း ဂိုးသမား ကီလာနာဗက်စ်၏ လက်စွမ်းအပေါ် အလုံးစုံ ကျေနပ်မှု မရှိဖြစ်နေတာကြောင့် ချယ်လ်ဆီး



ဂိုးသမား ကော်တွိုက်စ်၊ မန်ယူဂိုးသမား ဒီဂီယာ၊ အေစီမီလန် ဂိုးသမား ဒိုနာရူးမားတို့အပြင် ကပ်စ်ပါရှမိုက်ကယ်ကိုပါ ပစ်မှတ်ကစားသမားစာရင်းမှာ ထည့်သွင်းလာတာဖြစ်ပါတယ်။ ရှမိုက်ကယ်ဟာ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဆီဗီလာအသင်းက ကန်သွင်းတဲ့ ပင်နယ်တီကို လက်စွမ်းပြကာကွယ်ပြီး လက်စတာအသင်းကို ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ထိ ပို့ဆောင်ပေးနိုင်ခဲ့သူပါ။

## ဝင်းဂါးနေရာ တူချယ်လ်၊ အမ်မရီနေရာ ဝင်းဂါးဖြစ်ဖို့ များနေတဲ့ နည်းပြအပြောင်းအလဲများ

အာဆင်နယ်အသင်းက နည်းပြ ဝင်းဂါးနေရာ အစားထိုးဖို့ ဒေါ့မွန်နည်းပြ တူချယ်လ်ကို ချိတ်ဆက်နေသလို ဝင်းဂါးကိုလည်း ပီအက်စ်ဂျီအသင်းက နှစ်နှစ်စာချုပ်နဲ့ ခေါ်ယူဖို့အသင့်ပဲလို့ ဂျာမနီနဲ့ အင်္ဂလန်ဘက်ကလာတဲ့ သတင်းရင်းမြစ်တွေရဲ့



တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ နှင်းဆီလမ်းနေ (ဒေါ်တင်စိန်)၏ ခင်ပွန်းသည် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၇(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဦးထွန်းရှိန်

## အသက် (၉၈)နှစ်

**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)**
**တရားရုံးချုပ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးဘိုးရင်-ဒေါ်စောမြိုင်)တို့၏ သားကြီး၊တိုက်(၆၈)မြတ်လေးလမ်းကျန်စစ်သားအိမ်ရာ၊ လှိုင်သာယာမြို့နယ်နေ ဒေါ်သောင်းသောင်းရှိန်၏ ခင်ပွန်း၊ (ဒေါ်ခင်စိန်)၊ (ဒေါ်မြနန်းယဉ်)၊ (ဦးဝင်းအောင်-ဒေါ်ကြည်ကြည်)တို့၏ အစ်ကို၊ ဦးမောင်မောင်တိုး-ဒေါ်ပုံ့ပုံ့အောင်၊ ဦးထင်ကျော်ဝင်းအောင်-ဒေါ်ခင်ဆွေသိန်း၊ ဦးထင်ပေါ်ဝင်းအောင်-ဒေါ်ချယ်ရီဝင်းတို့၏ ဦးလေး၊ မြေးရှစ်ယောက်တို့၏ အဘိုး ဦးထွန်းရှိန်သည် ၂၄-၃-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်ပို

## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၀)၊ မဟူရာလမ်း၊ ကျိုက္ကဆံရပ်ကွက်နှင့် အမှတ်(၁၆/D)၊ မနော်ဟရီလမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်နေ (ဦးဖေစီ-ဒေါ်မျိုးကြင်)တို့၏သမီး၊ (ဦးဖိုးဒန်-ဒေါ်ထားရွှေ)တို့၏ သမီးချွေးမ၊ (ဦးကျော်လှိုင်)၏ဇနီး၊ ဦးဘိုစိုး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ခင်နှင်းဆီ၊ ဦးကိုကို(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးကျော်မိုးဝင်း-ဒေါ်လှလှမော်၊ ဦးကျော်စွာအောင် - ဒေါ်ခင်သီတာမော်၊ ဦးဇော်လင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးညီညီထွေး-ဒေါ်နိုင်နိုင်မော်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မဝင်းလဲ့လဲ့နှင်းဆီဘို (Eleven Media Group)၊ မအေးမြမြနှင်းဆီဘို (အလုပ်သင်ဆရာဝန်၊ UM-1)၊ မသင်းပုံ့ပုံ့နှင်းဆီဘို၊ မောင်သူရကျော်၊ မောင်မင်းကျော်အောင်၊ မောင်ရှင်းသန့်အောင်၊ မောင်ရဲရင့်၊ မောင်သီဟမြတ်သူတို့၏ချစ်လှစွာသော အဘွားသည် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) ည၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၇(သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဇမ္ဗူထိန်လင်းကျောင်းဆရာတော်**

**သက်တော်ရှည်ဆရာတော်ကြီး**

## ဘဒ္ဒန္တလက္ခဏ မထေရ်မြတ်

**သက်တော်(၉၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကညံ့ရပ်၊ တိုက်သစ်ကျောင်းလမ်းရှိ ဇမ္ဗူထိန်လင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တလက္ခဏမထေရ်မြတ်သည် ကောဇာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ တပေါင်းလပြည့်ကျော်(၉)ရက် ၂၁-၃-၂၀၁၇ရက်(အင်္ဂါနေ့) ည ၈း၁၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သည့် ဥတုဇရုပ်ကလပ်တော်ကို ဆရာတော်ကြီး၏ မူလနက်သန်ဖြစ်သော ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ရွာ၊ ညောင်ဇင်ကျောင်းကြီးတိုက်သို့ ပင့်ဆောင်၍ ၂၂-၃-၂၀၁၇ရက်မှ ၃-၄-၂၀၁၇ရက်အထိ အပူဇော်ခံထားရှိကာ (၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်) ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ညောင်ဇင်ရွာ သာမုကီဌာန ဘုန်းကြီးပျံကုန်း၌ အန္တိမအဂ္ဂိစျာပနကို ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးကြေညာအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ညောင်ဇင်ရွာ**
**သရက်ချောင်းမြို့နယ်၊ ထားဝယ်ခရိုင်**
**တနင်္သာရီတိုင်းဒေသကြီး**

# အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသိန်းအောင်

## အသက်(၇၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃-ရပ်ကွက်၊ မာန်ပြေ(၁၈)လမ်းအရှေ့၊ အိမ်အမှတ်(၄၄)နေ (ဦးဘရင်-ဒေါ်စောတင်)တို့၏ သား၊ (ဦးကျော်ခင်-ဒေါ်ဝိုင်း)တို့၏ သားသမက်၊ ဒေါ်ကျင်လှ(ဒေါ်ကုလားမ)၏ ချစ်လှစွာသော ခင်ပွန်း၊ အရှင်ဉာဏိက (မဟာစည်သာသနာ့ရိပ်သာ၊ မြမာလာကျောင်းတိုက်၊ ကျိုက္ခမီမြို့)၊ ဦးဟန်စိန်ဦး-ဒေါ်လှလှဝင်း၊ (ဦးခင်မောင်ဝေ)၊ ဒေါ်တင်တင်နိုင်(မနိုင်)၊ ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးသိန်း၊ ဒေါ်စန်းစန်းဝင်း(အထက်တန်းပြ၊ အထက-၃၊ မင်းတပ်မြို့၊ ချင်းပြည်နယ်)၊ဦးမြတ်သူ၊ (ဦးမင်းမင်းထွေး) - ဒေါ်စန်းစန်းအေးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ ကိုအောင်အောင်ဦး၊ မအေးအေးအောင်၊ မရွှေယမင်း၊ မောင်ဝေလင်းမောင်တို့၏ အဘိုးသည်၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၆း၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဲမှူး တင်ဦးနိုင် (ငြိမ်း)

**အပတ်စဉ်သူရ (၁၁)**

**CID အင်းစိန်**

**စီမံကိန်း ဒါရိုက်တာ (Youth of Force Group of Companies)**

## အသက် (၆၆)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးစိုးနိုင်-ဒေါ်ခင်ခင်စိုး)တို့၏ သားကြီး၊ (ဦးခင်မောင်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ Capt. ဦးမောင်မောင်ကြီး (Maritime)၊ ဒေါ်ကြည်ကြည်နိုင် (တာဝန်ခံ ပြည် IKBZ)၊(ဦးသန့်ဇင်နိုင်)-ဒေါ်သန်းသန်းနွယ်၊ဦးမျိုးသန့်နိုင်၊ ဦးထွန်းအောင်နိုင် (2/O CEANTRAMPING) - ဒေါ်တင်တင်နွယ် (မ-၂၂၊ တ/ဥက္ကလာ)၊ ဦးသန်းထွဋ်(တာဝန်ခံ-မြန်မာ့အာမခံလုပ်ငန်း)-ဒေါ်တင်မမနိုင် (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်)တို့၏ အစ်ကိုကြီး၊ (ဒေါ်ခင်ခင်ချို) ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဂျူလိုင်စိုး (Youth of Force Group of Companies)-မမေချိုဦး၊ ဦးညီညီစိုး (မြို့နယ်ဥပဒေအရာရှိ၊ မြို့သစ်မြို့နယ် ဥပဒေရုံး)-ဒေါ်မြတ်သက်ဦး (မြို့နယ်ဥပဒေအရာရှိ၊ ပေါက်ခေါင်းမြို့နယ်ဥပဒေရုံး)တို့၏ ချစ်လှစွာသောဖခင်၊ မပေမြတ်ချိုဦး(ခ) မစ်ချီကို၊ မောင်ဘုန်းမော်ကွန်းတို့၏ အဘိုး ဦးတင်ဦးနိုင် သည် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၅-၃-၂၀၁၇(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။ (အမှတ်- ၇၂၄၊ သမိုင်း(၄)လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဦးပညာသာမိ(ခ) ဦးဇင်းဖုန်းကျော်

## သိက္ခာတော် (၅၄) ဝါ၊သက်တော် (၇၄) နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မှန်တန်းရပ်ကွက်နေ ဦးသိန်းမောင်-ဒေါ်ခင်လှိုင်တို့၏သား၊ ဦးပညာသီရိ(ခ)ဦးဇင်းမိုး၏ နောင်တော်ကြီး၊ ပဲ့ပါမင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော ဘဒ္ဒန္တဦးပညာသာမိ မဟာထေရ်မြတ်သည် (၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်) ၂၄-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁း၂၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်) ၂၅-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမစျာပန ကျင်းပမည်ဖြစ်ပါ၍ တောင်အင်းမြောက်အင်း သုသာန်သို့ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**

**A'SLEEP IN JESUS**

## Pu Sum Mang

**B.A.B.Ed State Education Officer (Retired)**

## 97 Years

Pu Sum Mang. husband of Pi Khuang Tin Par (deceased). Pi Tial Khulh Zing. Father of Daw Bawi Sung-U Myint Ko. Daw Van Hnuai Thluai-U Ye Win. Rev. Daw Sa Lian Kai-Rev Dr.Van Ram Oke (Ba Oo). U Thang Bur-Daw Kyaw May Win. U Ral Rel Mang (deceased)-Daw Naih Tling (deceased). Daw Thwng Lian. Daw Thiam Lian. Daw Thiam Men Par. U Cung Nung (deceased)-Daw Par Hlei Sung. U Cin Mang-Daw Khuang Hno. grandfather of Pa Van Kim Thang. Sung Sin Win. Nu Sen Doih Sin. Pa San Hnin Lian. Tin Za Thang. Pa Soe Tun Oo. Pa Hniar Hlei Mang. Nu Sui Tha Mawi. Nu Khaw Tin Hngel. Mang Thluai Sung. Pa Van Nawl Thang. Van Uk Lian. Lal Ram Lian. Van Lal Cer. Van Sui Mawi. Michael Lal Ram Mang. Siang Nei Mawi. great grandfather of Mang Hril. Than Tun Oo. Bawi Hrin Mang (Kyi Min Thant). Lal Hniang Sin (Khine Metta Lin)Obed Sum Mang. Jireh Sum Mang. Jabez Sum Mang. Matthew. Titus Cung Nung Win. Jasper. Dawt te had passed away on March 20,2017 (4:00 AM)at his residence. Falam, Chin State.

The rest Families(ကျန်ရစ်သူမိသားစု)

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်တင်ကြည် (၈၃)နှစ်

**(လေးမျက်နှာမြို့)**

ဟင်္သာတမြို့၊ ရဲရင့်လွင်ပွဲရုံ၊ အမှတ်(၇၅၉)၊ အင်္ဂပိုလမ်းနေ (ဦးရှပ်-ဒေါ်ဖန်)တို့၏ သမီးကြီး၊ ဦးတင့်လွင်-ဒေါ်ခင်စန်းဦး (ရဲရင့်လွင်ပွဲရုံ)၊ ဒေါ်တင်ရီ၊ ဦးအောင်နိုင်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးမောင်လွင်-ဒေါ်ခင်ပြုံး၊ ဦးထွန်းအောင်-ဒေါ်စန်းစန်းအေးတို့၏ အစ်မကြီး၊ တူ/တူမ ၂၄ ယောက်တို့၏ ဒေါ်ကြီး၊ မြေး ၁၁ ယောက်တို့၏အဘွား ဒေါ်တင်ကြည်သည် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဟင်္သာတမြို့၊ ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်လေးရီ (မအူပင်) (B.A Geography) (၇၂)နှစ်

**လက်ထောက်မန်နေဂျာ (ငြိမ်း)၊ မြန်မာ့ဂုန်လျှော်**

မအူပင်မြို့၊ (၈)လမ်းနေ (ဦးခင်မောင်-ဒေါ်ခင်မြ)တို့၏ သမီး၊ ဖျာပုံမြို့၊ ရွှေနတ်ကူဘုရားလမ်းနေ (ဦးသန်းထွန်း-ဒေါ်အေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ်(၁၄၉)၊ ပထမထပ်နေ ဦးမျိုးဝင်း (ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့ဂုန်လျှော်-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ မအူပင်မြို့နေ ဦးဇော်ဇော်လွင် (ဝင်းသစ္စာဆန်ရောင်းဝယ်ရေး)-ဒေါ်သက်ရီဝင်း (လ/ထဦးစီးမှူး၊ စက်မှုသီးနှံ)၊ ဦးအောင်ကိုလတ်-ဒေါ်ကေခိုင်ဝင်း (အောင်သရဖူ-ဆောက်လုပ်ရေးသုံးပစ္စည်းရောင်းဝယ်ရေး)တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ ဒေါ်နုနုရီ (အထပြ-ငြိမ်း)၊ (ဦးမျိုးချစ်-ရဲအုပ်)၊ နေပြည်တော်နေ ဦးမျိုးမြင့် (အလုပ်ရုံခွဲမှူး-ငြိမ်း၊ စက်မှု)-ဒေါ်မာလာ (လ/ထ ညွှန်မှူး၊စက်မှု)၊ ရန်ကုန်မြို့နေ ဦးအောင်မောင်း-ဒေါ်တင်တင်ရီ (MSC-Construction Co.,Ltd.)၊ ဦးမြင့်ဦး (သင်္ဘောအင်ဂျင်နီယာ-ငြိမ်း)-ဒေါ်သင်းသင်းအေး (ဆေးရုံအုပ်ကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်မြို့)၊ ဦးတင့်ဝေ (အလပြ-ငြိမ်း၊ မအူပင်မြို့)တို့၏ အစ်မ သည် ၂၃-၃-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရန်ကုန်မြို့၊ ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနန်းဦးထွန်း (၄၇) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၆)လမ်း၊ အမှတ်(၁၈၄)နေ (ဦးစောစိန်ထွန်း)-ဒေါ်လှလှမြင့်တို့၏သား၊ ဦးအေးချို-ဒေါ်ခင်စောလှဦး၊ ဒုရဲမှူးလှထွန်းခိုင်-ဒေါ်ခင်မာဝင်း၊ ဦးဇော်ဝင်း-ဒေါ်ဥမ္မာထွန်း၊ ဦးယိပ်ဖခွန်အုံ-ဒေါ်စပါယ်ထွန်း၊ ဒေါ်သီဂီထွန်း၊ (ဦးလှထွန်းမောင်) တို့၏ မောင်/ညီ၊ ဦးဇော်ဇော်ထွန်း၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၃-၃-၂၀၁၇ ရက် ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

စန်းယ မတ် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ ကျင်းပနေသည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်သို့တက်ရောက်ရန်ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ဘိုအောမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာအစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်သည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

## ရန်ကုန်တံတားကြီး ကိုးစင်း ဖြတ်သန်းခ ဧပြီ ၁ ရက်မှ စတင်ကာ ပေးရန်မလို

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားကြီး ကိုးစင်း၏ တံတားဖြတ်သန်းခကို လာမည့် ဧပြီ ၁ ရက်မှ စတင်ကာ ကောက်ခံခြင်းပြုတော့မည်မဟုတ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၆ ရက် သတင်းစာတွင် ပါရှိမည်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၆ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)




ဆုဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းကို အားပေးနေသည့် မြန်မာပရိသတ်များ။

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလားခြေစစ်ပွဲ ကြိုတင်လက်မှတ်များ ရောင်းချမည်

ရန်ကုန် မတ် ၂၄

မတ် ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲကို မြန်မာဘောလုံးပရိသတ်များ စိတ်ဝင်စားမှုမြင့်တက်လာရန် ဆောင်ရွက်လျက်ရှိပြီး ခြေစစ်ပွဲအကြိုခြေစမ်းပွဲတွင် အင်ဒိုနီးရှားအသင်းကို အနိုင်ရခဲ့သောကြောင့် မြန်မာအသင်းအပေါ် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှဖလားပြိုင်ပွဲ တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပထမပွဲအတွက် ကြိုတင်လက်မှတ်များ ရောင်းချမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကြိုတင်လက်မှတ်များကို မတ် ၂၆၊ ၂၇ ရက်တို့တွင် နေရာသုံးခု၌ ရောင်းချမည်ဖြစ်ပြီး အထူးတန်းကျပ် ၃၀၀၀၊ ရိုးရိုးတန်း ကျပ် ၂၀၀၀ သတ်မှတ်ထားသည်။

ကြိုတင်လက်မှတ်များကို ယင်းနေ့များတွင် သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ၊ လှည်းတန်းစင်တာတွင် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းပြင်ဆင်လျက်ရှိပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

# မောင်ဝေယံငြိမ်းနှင့် မောင်ဝေယံဟိန်းတို့အား အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့

မန္တလေး မတ် ၂၄

မန္တလေးမြို့ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသည့် ဆီးခုံချင်းဆက်အမြွှာ မောင်ဝေယံငြိမ်းနှင့် မောင်ဝေယံဟိန်းတို့အား မတ် ၂၃ ရက်တွင် မန္တလေးမြို့ရှိ အထူးကုဆရာဝန်ကြီးများက ရှုပ်ထွေးသော အဆင့်ပေါင်းများစွာကို ခက်ခဲစွာကျော်ဖြတ်၍ အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း အဆိုပါခွဲစိတ်မှုနှင့်ပတ်သက်၍ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ ဆီးခုံချင်းဆက်အမြွှာအား ယင်းဆေးရုံကြီးတွင် ခွဲစိတ်ရန်လိုအပ်သည့် ကြိုတင်ပြင်ဆင်ကုသမှုပေါင်းများစွာကို ဆောင်ရွက်ခဲ့ပြီး ၁၄ လအကြာ၌ ယခုကဲ့သို့ ခွဲစိတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသက်ဆွေက ပြောသည်။

“ဒီခွဲစိတ်မှုအတွက် ကော်မတီအဆင့်ဆင့်ဖွဲ့ပြီး လုပ်ဆောင်ခဲ့ရပါတယ်။ ဆေးရုံမှာ လပေါင်းများစွာ ကြိုတင်ဂရုစိုက်ကုသမှုတွေ လုပ်ထားခဲ့လို့လည်း အခုလို ခွဲစိတ်မှုအောင်မြင်တာပါ။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**











ကြေးမုံ
အထူးကဏ္ဍ
၂၅ - ၃ - ၂၀၁၇ (စနေနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တစ်နှစ်တာ

မင်းမင်းဇော်(သတင်းစဉ်)

အစိုးရသစ် တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ လက်ရှိအစိုးရရဲ့ပထမ တစ်နှစ်တာကာလအတွင်း ဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒ၊ ငွေကြေးတည်ငြိမ်ရေးဆောင်ရွက်မှု၊ ငွေကြေးဖောင်းပွမှုထိန်းသိမ်းရေး ဆောင်ရွက်ချက်တွေကို ပြောပြပေးစေချင်ပါတယ်။

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေသစ်ကို ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီးတဲ့နောက် ဗဟိုဘဏ်ဟာ သီးခြားလွတ်လပ်စွာ ရပ်တည်ပြီး အဓိကရည်မှန်းချက် သုံးရပ်ဖြစ်တဲ့ ငွေကြေးတည်ငြိမ်ရေး(Monetary Stability)၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး (Financial System Stability)နှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး(Payment and Settlement Systems Development)တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**လွတ်လပ်သောဈေးကွက်**

ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာမှာ ဗဟိုဘဏ်ဟာ ငွေကြေးမူဝါဒနည်းလမ်းတွေဖြစ်တဲ့ အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ ငွေလဲလှယ်နှုန်းမူဝါဒကို ချမှတ်ဆောင်ရွက်ခြင်းနဲ့ လွတ်လပ်သောဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ငွေကြေးတည်ငြိမ်ရေးမှာ အဓိကဖြစ်တဲ့ ငွေကြေးဖောင်းပွမှုနှုန်းထိန်းသိမ်းဖို့ တစ်နည်းအားဖြင့် ဈေးနှုန်းတည်ငြိမ်စွာ စီးပွားရေးတိုးတက်မှု (Growth with Stability) ရရှိစေဖို့အတွက် ငွေကြေးပမာဏကို ရည်မှန်းချက်ထားရှိတဲ့ Reserve Money Targeting နည်းလမ်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ကာလလတ်မှာ ငွေဖောင်းပွမှုနှုန်းကို ပျမ်းမျှ ခုနစ်ရာခိုင်နှုန်းလျာထားပြီး လုပ်ငန်းရည်မှန်းချက်ဖြစ်တဲ့ သီးသန့်ငွေတိုးတက်မှုကို ၁၃ ရာခိုင်နှုန်းနဲ့ ကြားခံရည်မှန်းချက်ဖြစ်တဲ့ ငွေကြေးပမာဏတိုးတက်မှုနှုန်းကို ၂၄ ရာခိုင်နှုန်းသာရှိစေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

> ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာမှာ ဗဟိုဘဏ်ဟာ ငွေကြေးမူဝါဒနည်းလမ်းတွေဖြစ်တဲ့ အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ ငွေလဲလှယ်နှုန်း မူဝါဒကို ချမှတ်ဆောင်ရွက်ခြင်းနဲ့ လွတ်လပ်သော ဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**လေလံအပ်ငွေ**

စီးပွားရေးစနစ်မှာရှိတဲ့ ငွေကြေးပမာဏတိုးတက်မှုနှုန်းဟာ ရည်မှန်းချက်ထက် ကျော်လွန်နေမယ်ဆိုရင် အပ်ငွေလေလံ (Deposit Auction)ခေါ်ယူပြီး ပိုလျှံတဲ့ငွေကြေးပမာဏတွေကို နုတ်သိမ်းရပါတယ်။ အပ်ငွေလေလံခေါ်ယူခြင်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပ်ငွေလေလံအကြိမ် ၂၀ ခေါ်ယူပြီး တစ်ကြိမ်လျှင် ပျမ်းမျှ ၃၃၃ ဘီလီယံကျပ်နဲ့ ဈေးကွက်အတွင်းက ပိုလျှံငွေကြေးတွေကို နုတ်သိမ်းနိုင်ခဲ့ပါတယ်။

လေလံအပ်ငွေအပေါ် ပေးတဲ့ အတိုးနှုန်းကို ကန့်သတ်ချက်ထားရှိမှုမပြုဘဲ ဈေးကွက်ပေါ် အခြေခံတဲ့အတိုးနှုန်း အကြမ်းအားဖြင့် ၅ ဒသမ ၅ ရာခိုင်နှုန်းကနေ ၇ ဒသမ ၄ ရာခိုင်နှုန်းအတွင်းရှိပါတယ်။ အပ်ငွေ သက်တမ်းကို နှစ်ပတ်၊ လေးပတ်နဲ့ ၁၂ ပတ် ခေါ်ယူလျက်ရှိပါတယ်။ အခု အပ်ငွေလေလံစနစ်ကို CBM-Net ကို အသုံးပြုပြီး Online ဖြင့် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ အများပြည်သူ စုဆောင်းမှုနှုန်းတိုးမြင့်လာစေဖို့၊ ငွေကြေးဖောင်းပွမှုနှုန်းကိုကာမိစေမယ့် အတိုးနှုန်း (positive interest rate)ရှိစေဖို့နဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း သက်သာတဲ့ အတိုးနှုန်းဖြစ်စေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အတိုးနှုန်းကို မူဝါဒဆိုင်ရာအဖြစ် သတ်မှတ်ပေးခြင်းအစား ဈေးကွက်ကိုထင်ဟပ်စေမယ့် အတိုးနှုန်းဖြစ်စေဖို့အတွက် အတိုးနှုန်းဆိုင်ရာဖြေလျှော့မှုတွေကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်။

**ရိုးရှင်းလွယ်ကူ**

ဘဏ်တွေရဲ့ အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်ထားရှိမှုတွေကို ငွေကြေးမူဝါဒနည်းလမ်းတစ်ရပ်အဖြစ် ထိရောက်စွာ အသုံးပြုနိုင်ဖို့နဲ့ ရိုးရှင်းလွယ်ကူစေဖို့အတွက် အများပြည်သူအပ်နှံငွေ စုစုပေါင်းရဲ့ ငါးရာခိုင်နှုန်းကို ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။

အထူးကဏ္ဍ (ခ) သို့ »»

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံကို တွေ့ရစဉ်။



အထူးကဏ္ဍ (က) မှ »»

မေး။ ။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းပေးရတဲ့အပေါ် လျှော့ချနိုင်ဖို့ အစိုးရငွေချေးသက်သေခံလက်မှတ်တွေနဲ့ အစိုးရငွေတိုက်စာချုပ်တွေကို ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ သိလိုပါတယ်။

ဖြေ။ ။ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်တဲ့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်လိုငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြည့်ဆည်းပေးရတာ လျှော့ချနိုင်ဖို့နဲ့ ထိရောက်တဲ့ အစိုးရကြွေးမြီစီမံခန့်ခွဲမှုဖြစ်ပေါ်စေဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ဘဏ်တွေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစတင်ပြီး အစိုးရငွေတိုက်လက်မှတ်တွေကို ဈေးပြိုင်စနစ် (Treasury Bill Auction)ဖြင့် ရောင်းချခဲ့တယ်။

ဒါ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှာ အစိုးရငွေတိုက်စာချုပ်ကို ဈေးပြိုင်စနစ် (Treasury Bond Auction)ဖြင့် ရောင်းချခြင်းကို စတင်ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်စာချုပ်ပမာဏ ကျပ် ၁၁၈၁ ဘီလီယံကို ရောင်းချနိုင်ခဲ့ပါတယ်။ အစိုးရငွေတိုက်လက်မှတ်ပမာဏ ကျပ် ၃၀၃၂ ဘီလီယံကို ရောင်းချနိုင်ခဲ့ပါတယ်။

**အစိုးရငွေတိုက်လက်မှတ်သက်တမ်း**

အစိုးရငွေတိုက်လက်မှတ်တွေရဲ့သက်တမ်းက သုံးလ၊ ခြောက်လ၊ တစ်နှစ်ဖြစ်ပြီး ဈေးကွက်အတိုးနှုန်းကတော့ အကြမ်းအားဖြင့် ခုနစ်ရာခိုင်နှုန်းကနေ ကိုးရာခိုင်နှုန်းအတွင်း ရှိပါတယ်။ အစိုးရငွေတိုက်စာချုပ်ရဲ့ သက်တမ်းကတော့ နှစ်နှစ်နဲ့ သုံးနှစ်တွေဖြစ်ပြီး ဈေးကွက်အတိုးနှုန်းက အကြမ်းအားဖြင့် ၈ ဒသမ ၆ ရာခိုင်နှုန်းကနေ ၉ ဒသမ ၆ ရာခိုင်နှုန်းအတွင်း ရှိပါတယ်။

မေး။ ။ နိုင်ငံခြားဘဏ်ခွဲတွေ ဖွင့်လှစ်ခွင့်ပြုခြင်းနဲ့ ပုဂ္ဂလိကဘဏ်တွေနဲ့ ပတ်သက်တဲ့ အခြေအနေတွေကို ပြောပြပေးပါဦး။

ဖြေ။ ။ နိုင်ငံခြားဘဏ်ခွဲတွေကို မြန်မာနိုင်ငံမှာ ဖွင့်လှစ်ခွင့်ပေးဖို့အတွက် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ တစ်ကြိမ်၊ ၂၀၁၆ ခုနှစ် မတ် ၄ ရက်မှာ တစ်ကြိမ် ပွင့်လင်းမြင်သာတဲ့ တင်ဒါပုံစံနဲ့ နိုင်ငံခြားဘဏ်ခွဲ ၁၃ ခုကို ရွေးချယ်မှုပြုလုပ်ပြီး ဘဏ်လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။


(၁၉)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်နေစဉ်။

**တိုက်ရိုက်ဝန်ဆောင်**

အဲဒီနိုင်ငံခြားဘဏ်ရဲ့ ဘဏ်ခွဲတွေအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံခြားကုမ္ပဏီတွေကို တိုက်ရိုက်ဝန်ဆောင်မှုတွေပေးလျက်ရှိပြီး ပြည်တွင်းဘဏ်တွေနဲ့ပေါင်းစပ်ကာ ပြည်တွင်းကုမ္ပဏီတွေကိုလည်း ဝန်ဆောင်မှုတွေ ပေးလျက်ရှိပါတယ်။ နိုင်ငံခြားဘဏ်ခွဲတွေအနေနဲ့ ပြည်တွင်းဘဏ်များမှတစ်ဆင့်သော်လည်းကောင်း၊ ပြည်တွင်းဘဏ်များနဲ့ပူးပေါင်း၍သော်လည်းကောင်း၊ ပြည်တွင်းကုမ္ပဏီတွေကို စီမံကိန်းချေးငွေ (Project Loan) များချေးပေးခြင်းနဲ့ Trade Finance ပြုလုပ်ပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်လုပ်ငန်း အခြေခံအဆောက်အအုံ မြှင့်တင်ဆောင်ရွက်ခြင်းအနေနဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံခြားဘဏ်ခွဲ ၁၃ ဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်က ဘဏ်ခွဲပေါင်း ၁၄၇၅ ခု၊ ပုဂ္ဂလိက ငွေရေးကြေးရေးကုမ္ပဏီ ၁၆ ခု၊ နိုင်ငံခြားဘဏ်တွေရဲ့ ကိုယ်စားလှယ်ရုံး ၄၅ ခုနဲ့ နိုင်ငံခြား ငွေရေးကြေးရေးကုမ္ပဏီ နှစ်ခုဖွင့်လှစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ATM ၂၃၁၉ ခုနှင့် POS ၄၅၈၄ တို့ကို တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။

**ငွေပေးချေမှုဝန်ဆောင်လုပ်ငန်း**

မေး။ ။ Mobile Banking, Mobile Financial Services နဲ့ Mobile Network Operators တွေအပါအဝင် Financial Inclusion တိုးတက်ဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေတွေကိုလည်း သိလိုပါတယ်။

ဖြေ။ ။ ၂၀၂၅ ခုနှစ် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးအတွက် ငွေရေးကြေးရေးကဏ္ဍမှာ အားလုံးပါဝင်ရေး (Financial Inclusion)ကို အကောင်အထည်ဖော်ရာမှာ မြန်မာနိုင်ငံရဲ့ ငွေရေးကြေးရေးအလုံးစုံပါဝင်မှုအစီအစဉ်အရ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေနဲ့ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိခြင်းမရှိသေးတဲ့ ပြည်သူတွေ (Unbanked People)ထံကို ငွေရေးကြေးရေးဝန်ဆောင်မှုရောက်ရှိစေဖို့အတွက် ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ မိုဘိုင်းဘဏ်လုပ်ငန်းကို ဘဏ်ဦးဆောင်မှုပုံစံဖြင့် ငွေပေးချေမှုဝန်ဆောင်လုပ်ငန်းတွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

ဆက်သွယ်ရေးလိုင်စင်ရရှိထားတဲ့ နိုင်ငံတကာ မိုဘိုင်းကွန်ရက်ဆောင်ရွက်တဲ့ International Mobile Network Operators-IMNOs အဖွဲ့နှစ်ဖွဲ့ဖြစ်တဲ့ Telenor၊ Ooredoo နဲ့ နိုင်ငံပိုင် MPT တွေကို မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့အတွက် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာစည်းမျဉ်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်အရ IMNOs တွေအပါအဝင် ဘဏ်နဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်း (NBFI)တွေဟာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

အထူးကဏ္ဍ (ဂ) သို့ »»



နေပြည်တော်တွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလက 52nd SEACEN Governors' Conference / High Level Seminar and 36th Meeting of the SEACEN Board of Governors အစည်းအဝေးကျင်းပစဉ်။




**ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာပေါင်းစည်းဆောင်ရွက်နိုင်ရေးအတွက် ဗီယက်နမ်နိုင်ငံ BIDV ဘဏ်ရုံးခွဲကို ရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။**

**အထူးကဏ္ဍ (ခ) မှ »»**

ဘဏ်တွေဟာ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ အီလက်ထရွန်နစ်ဘဏ်လုပ်ငန်း (e-banking)၊ အင်တာနက်ဘဏ်လုပ်ငန်း (Internet banking)တွေကို ဆောင်ရွက်နေပြီး အဲဒီလုပ်ငန်းတွေကို ဘဏ်ရှစ်ခုတို့က ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ဖို့အတွက် Digital Money Myanmar Ltd., (Wave Money) ကိုလည်း ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

**အားကောင်းခိုင်မာမှုညွှန်းကိန်း**

ဘဏ်လုပ်ငန်း ကြပ်မတ်ကွပ်ကဲခြင်းနဲ့ ကြီးကြပ်စစ်ဆေးခြင်းကို Compliance based မှ Risk-based သို့ ပြောင်းလဲဆောင်ရွက်ခြင်းအနေနဲ့ ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းညွှန်ကြားချက်တွေ လိုက်နာမှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးခြင်း၊ (Rule based Supervision)မှ ဆုံးရှုံးနိုင်ခြေအခြေပြုစနစ် (Risk-Based Supervision)သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ်တွေအားကောင်းခိုင်မာစေဖို့အတွက် ဘဏ်တွေရဲ့ မတည်ငွေရင်း၊ ရရန်ပိုင်ခွင့် အရည်အသွေး၊ ဝင်ငွေ၊ ငွေကြေး လွယ်ကူမှုတွေကို အရေအတွက်နဲ့ အကဲဖြတ်ဆောင်ရွက်ရာမှ အရည်အချင်းနဲ့ အကဲဖြတ်အမှတ်ပေးပုံစံ ပြောင်းလဲခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အကူအညီနဲ့ ဘဏ်တွေ အားကောင်းခိုင်မာမှုညွှန်းကိန်း (Financial Soundness Indicator)ကို ပထမအကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

မေး။ ။ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ် တိုးတက်ရေးဆောင်ရွက်မှုကို ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ငွေပေးချေမှုစနစ် လျင်မြန်လုံခြုံထိရောက်မှုရှိပြီး ခေတ်မီတဲ့ ငွေပေးချေမှုစနစ်ဖြစ်ပေါ်စေဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေအားလုံးကို အီလက်ထရွန်နစ်နည်းပညာနဲ့ ချိတ်ဆက်ထားတဲ့ CBM-Net ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ စတင်ခဲ့ပါတယ်။ အချိန်နဲ့တစ်ပြေးညီ စာရင်းရှင်းလင်းခြင်း (Real Time Gross Settlement)၊ ချက်လက်မှတ်စာရင်းရှင်းလင်းခြင်း (Mechanized Cheque Clearing)နဲ့ ငွေချေးသက်သေခံလက်မှတ်များစာရင်း ရှင်းလင်းပေးချေခြင်းနဲ့ CBM-Net အဖွဲ့ဝင်ဘဏ်တွေအကြား ပြည်ပဘဏ်တွေမှာ ဖွင့်လှစ်ထားရှိတဲ့ နိုင်ငံခြားငွေစာရင်း (Nostro A/C)အချင်းချင်းပေးချေမှုတွေအတွက် ပေးချေရမယ့် မြန်မာကျပ်ငွေကို CBM-Net System နဲ့ ပေးချေခြင်းတွေ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

**ကတ်စနစ်**

အများပြည်သူအနေနဲ့ ငွေသား ကိုင်တွယ်သုံးစွဲမှုလျှော့ချပြီး အီလက်ထရွန်နစ်နည်းလမ်းဖြစ်တဲ့ ကတ်စနစ်အသုံးပြုငွေပေးချေမှုတွေ ပြုလုပ်နိုင်ဖို့ နိုင်ငံတကာကတ်တွေဖြစ်တဲ့ Visa Card၊ Master Card၊ JCB Card၊ UPI Card တွေကို ပြည်တွင်းရော ပြည်ပမှာပါ အသုံးပြုနိုင်ဖို့ခွင့်ပြုပြီး ဖြစ်ပါတယ်။ ထို့ပြင် ပြည်တွင်းဘဏ်တွေကို Prepaid Card တွေ ထုတ်ဝေခွင့်ပြုခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေကို International Card (Master /Visa/ JIC/UPI)တွေကို ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်တဲ့ International Credit Card (Clean Card)တွေ ထုတ်ဝေခွင့်ပြုခဲ့ပါတယ်။

ပြည်တွင်းဘဏ်များက ထုတ်ဝေတဲ့ MPU ကတ်တွေကို နိုင်ငံတကာကွန်ရက်မှ အသုံးပြုနိုင်ဖို့အတွက် “MPU-JCB”၊ “MPU-UPI” Co-Branded Card တွေကို ထုတ်ဝေခွင့်ပြုခဲ့ပါတယ်။

**နိုင်ငံခြားသုံးသီးသန့်**

မေး။ ။ နိုင်ငံတော်ရဲ့ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေစီမံခန့်ခွဲခြင်းကို သိလိုပါတယ်။

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်ပမှာထားရှိတဲ့ နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေတွေကို အရင်က စာရင်းသေအပ်ငွေ (Fixed Deposit)အဖြစ်သာထားရှိလို့ အတိုးအနည်းငယ်သာရရှိပါတယ်။ အခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစတင်ပြီး ကမ္ဘာ့ဘဏ်ရဲ့ Reserves Advisory and Management Program-RAMP အစီအစဉ်တွင်ပါဝင်တဲ့အတွက် အဲဒီနိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေတွေကို အခြားနိုင်ငံတွေရဲ့ ဗဟိုဘဏ်တွေနည်းတူ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု(Portfolio Investment)တွေ ဆောင်ရွက်လျက်ရှိပါတယ်။

Portfolio Investment အစီအစဉ်အရ အခုအခါမှာ ပြည်ပနိုင်ငံတွေက ထုတ်ဝေတဲ့ Credit Rating အနည်းဆုံး A- ရှိတဲ့ အစိုးရငွေချေးသက်သေခံလက်မှတ်(Bonds) တွေကို နှိုင်းယှဉ်ညွှန်းကိန်းရဲ့ အမြတ်ပြန်လည်ရချက် (Benchmark Returns) ထက်သာတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အခြားသော ဗဟိုဘဏ်များနည်းတူ ဆောင်ရွက်လျက်ရှိပါတယ်။

**အပြန်အလှန်**

မေး။ ။ ဘဏ်အချင်းချင်း ငွေကြေးဈေးကွက်စနစ်တကျဖြစ်စေတဲ့ ဆောင်ရွက်မှုကိုလည်း ပြောပြပေးပါ။

ဖြေ။ ။ ဘဏ်အချင်းချင်း ငွေကြေးဈေးကွက် (Interbank Market) စနစ်တကျဖြစ်စေဖို့အတွက် အရင်က ဘဏ်အချင်းချင်း အပြန်အလှန်ငွေအပ်နှံတဲ့စနစ်ကိုသာ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှာ ဆောင်ရွက်လျက်ရှိတဲ့ ဘဏ်အချင်းချင်း အပြန်အလှန်ငွေချေးတဲ့စနစ်ကို စနစ်တကျဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် ဗဟိုဘဏ်အနေနဲ့ ဘဏ်အချင်းချင်း စနစ်တကျငွေချေးသည့်စနစ် (Interbank Lending)ကို ပိုမိုစနစ်ကျစေဖို့ ညွှန်ကြားချက်အသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီညွှန်ကြားချက်အရ ဘဏ်တွေ အချင်းချင်း ငွေချေးသက်သေခံလက်မှတ်တွေကို အပေါင်ပြုပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ CBM-Net စနစ်ရှိ ဗဟိုအပေါင်အပ်နှံတဲ့စနစ် (Central Securities Depository System) ကို အသုံးပြုဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ အခု ဘဏ်အချင်းချင်း အပြန်အလှန်ငွေအပ်နှံတဲ့စနစ်ရှိနေသေးပေမယ့် ဘဏ်အချင်းချင်း စနစ်တကျငွေချေးတဲ့ ဆောင်ရွက်ချက်တွေ ပိုမိုတိုးတက်လာတာကို တွေ့ရှိရပါတယ်။

**ဖောက်သည်များ**

နိုင်ငံခြားငွေကြေးလဲလှယ်ခြင်းမှ ဆုံးရှုံးနိုင်ခြေကို ကျားကန်ပေးတဲ့ စနစ်ဖော်ဆောင်ခြင်းအနေနဲ့ မြန်မာနိုင်ငံရှိ ဘဏ်အချင်းချင်းသော်လည်းကောင်း၊ ဘဏ်တွေနဲ့ ၎င်းတို့ရဲ့ ဖောက်သည်များနဲ့သော်လည်းကောင်း၊ နိုင်ငံခြား ငွေကြေးလဲလှယ်ရာမှ ဖြစ်ပေါ်လာနိုင်တဲ့ ဆုံးရှုံးမှုတွေကို ကာကွယ်နိုင်ဖို့အတွက် Currency SWAP စနစ်နဲ့ Currency Forward စနစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ပြီး ခွင့်ပြုပေးခဲ့ပါတယ်။ ဒါကြောင့် အနာဂတ်မှာ နိုင်ငံခြားငွေဝယ်ယူခြင်း၊ ရောင်းချခြင်းတွေကနေ ဆုံးရှုံးမှုမဖြစ်ပေါ်လာစေဖို့အတွက် အနာဂတ်ငွေလဲလှယ်နှုန်းကို သတ်မှတ်နိုင်တဲ့ SWAP နဲ့ Forward စနစ်တွေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

**အခက်အခဲတွေ ရှိနေ**

မေး။ ။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း(SMEs)ချေးငွေထုတ်ချေးရေးအစီအစဉ်ကို သိချင်ပါတယ်။

ဖြေ။ ။ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကကဏ္ဍဟာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေတဲ့အလျောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်လုပ်ငန်းကဏ္ဍက အရင်းအနှီးများပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာ အဓိကအားဖြင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်လျက်ရှိရာ လက်ရှိလုပ်ထုံးလုပ်နည်းစနစ်အရ ဘဏ်တွေက ချေးငွေထုတ်ချေးရာမှာ အာမခံအဖြစ် လုပ်ငန်းများထားရှိစေခြင်းနဲ့

**အထူးကဏ္ဍ (ဃ) သို့ »»**




**ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေးနိုင်ငံ ခရီးစဉ်ဒေသတစ်ခု ညီလာခံကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။**

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ




**ကိုရီးယားနိုင်ငံ၏ SHINHAN ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလက ရန်ကုန်မြို့တွင် ကျင်းပစဉ်။**

**အထူးကဏ္ဍ (၁) မှ »»**

အခြားကန့်သတ်ချက်တွေကြောင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းအများစုအတွက် ဘဏ်ချေးငွေရရှိဖို့ အခက်အခဲတွေ ရှိနေဆဲဖြစ်ပါတယ်။

SMEs လုပ်ငန်းတွေကို ဘဏ်လုပ်ငန်းကဏ္ဍမှ ချေးငွေအစီအစဉ်သုံးမျိုးဖြင့် ထုတ်ချေးလျက်ရှိပါတယ်။ အဲဒါတွေကတော့ SMEs လုပ်ငန်းတွေကို ပြည်တွင်းဘဏ်များမှတစ်ဆင့် ချေးငွေဖြစ်ပါတယ်။ အဲဒီချေးငွေက မြန်မာနိုင်ငံအစိုးရကို ဂျပန်နိုင်ငံအစိုးရက တရားဝင်ဖွံ့ဖြိုးရေးအကူအညီ ODA ချေးငွေအောက်မှ SMEs လုပ်ငန်းတွေကို ပြည်တွင်းဘဏ်တွေမှတစ်ဆင့် ပံ့ပိုးရာမှ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ဟာ မြန်မာ့စီးပွားရေးဘဏ်ကတစ်ဆင့် နှစ်ဆင့်ချေးငွေ(Two-Step Loan)အစီအစဉ်နဲ့ ပြည်တွင်းပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ကို ဂျပန်ယန်းငွေ ၅ ဒသမ ၀၃၃ ဘီလီယံကို စတင်ထုတ်ချေးလျက်ရှိပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်တွင်းပုဂ္ဂလိကဘဏ် ခြောက်ဘဏ်ဖြစ်တဲ့ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ကမ္ဘောဇဘဏ်နဲ့ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်တွေကတစ်ဆင့် SMEs လုပ်ငန်းတွေကို Two-Step Loan နဲ့ ချေးငွေများထုတ်ချေးလျက်ရှိပါတယ်။

**ပြည်တွင်းပုဂ္ဂလိကဘဏ် ခုနစ်ဘဏ်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကမ္ဘာ့ရတနာဘဏ်ကို ထပ်မံတိုးချဲ့ပြီး ပြည်တွင်းပုဂ္ဂလိကဘဏ် ခုနစ်ဘဏ်ကတစ်ဆင့် SMEs လုပ်ငန်းတွေကို ထပ်ဆင့်ထုတ်ချေးဖို့ စီစဉ်ထားပါတယ်။

ပုဂ္ဂလိကဘဏ်တွေက အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းတွေကို ချေးငွေ အတိုးနှုန်း တစ်နှစ်လျှင် ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ထုတ်ချေးနေပါတယ်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပြည်ပချေးငွေအစီအစဉ် ဖြစ်ပါတယ်။ အဲဒါက ကမ္ဘာ့ဘဏ်အုပ်စု၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation-IFC)ဟာ ပြည်တွင်းပုဂ္ဂလိကဘဏ်တစ်ဘဏ်ဖြစ်တဲ့ ရိုးမဘဏ်ကို မြန်မာနိုင်ငံရဲ့ SMEs လုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ ကျပ်ပြောင်းချေးငွေ အမေရိကန်ဒေါ်လာ ၅ သန်း (ကျပ် ၄ ဒသမ ၈၅၅ ဘီလီယံ)ကို ကနဦးအဆင့်ထုတ်ချေးပါတယ်။ IFC ချေးငွေအတိုးနှုန်းက တစ်နှစ်ကို ရှစ်ရာခိုင်နှုန်းဖြစ်ပြီး ရိုးမဘဏ်ဟာ SMEs လုပ်ငန်းတွေကို တစ်နှစ် ၁၃ ရာခိုင်နှုန်းနဲ့ ထုတ်ချေးခဲ့ပြီးဖြစ်ပါတယ်။

**ဂျာမန်ဖွံ့ဖြိုးရေးဘဏ်**

ဂျာမနီအစိုးရဟာ မြန်မာနိုင်ငံရဲ့ SMEs လုပ်ငန်းများမြှင့်တင်ဖို့အတွက် စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနကို အထောက်အပံ့ရန်ပုံငွေ ယူရို ၁၅ ဒသမ ၃ သန်း ပေးအပ်ရန် ကတိပြုထားပြီး ပထမအဆင့်အနေနဲ့ အထောက်အပံ့ ရန်ပုံငွေ ယူရို ၄ ဒသမ ၄၅ သန်းကို ဂျာမနီအစိုးရကိုယ်စား ဂျာမန်ဖွံ့ဖြိုးရေးဘဏ် KfW၊ မြန်မာအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ချေးငွေရယူမယ့် သမဝါယမဘဏ်တို့ဟာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်က SMEs ချေးငွေအစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ဂျာမနီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဖြစ်တဲ့ GIZ အနေနဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေအတွက် ဘဏ္ဍာငွေ တိုက်ရိုက်ပံ့ပိုးမှုများမရှိသော်လည်း ပြည်တွင်းဘဏ်တွေကို နည်းပညာအကူအညီပေးမှုတွေ အသိပညာပေးခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘောဇဘဏ်ဟာ Cathay United Bank (Singapore) ရဲ့ ချေးငွေနဲ့ SMEs လုပ်ငန်းတွေအတွက် အမေရိကန်ဒေါ်လာသန်း ၈၀ ကို တစ်နှစ် ၁၃ ရာခိုင်နှုန်းနဲ့ ထုတ်ချေးခဲ့ပြီးဖြစ်ပါတယ်။

**ဗီယက်နမ်နိုင်ငံ BIDV ဘဏ်**

အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ဟာ SMEs လုပ်ငန်းတွေကို ထုတ်ချေးဖို့ ဗီယက်နမ်နိုင်ငံ BIDV ဘဏ်မှ အမေရိကန် ဒေါ်လာသန်း ၃၀ ကို အတိုးနှုန်း တစ်နှစ် လေးရာခိုင်နှုန်းနဲ့ ငါးနှစ်တာကာလအတွင်း ချေးယူပြီး ပြည်တွင်း SMEs လုပ်ငန်းတွေကို အတိုးနှုန်း တစ်နှစ် ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းနဲ့ ထုတ်ချေးဖို့ ချေးငွေ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။

ချေးငွေလွယ်ကူစွာ ရယူနိုင်ရေးအစီအမံအဖြစ် ဘဏ်လုပ်ငန်းကဏ္ဍမှ ချေးငွေရယူနိုင်မှုအခွင့်အလမ်းပိုမိုမြင့်မားလာဖို့၊ အာမခံနဲ့သာ ချေးငွေရယူနိုင်မှု(Collateral Based Credit) အခြေအနေကနေ ငွေချေးယူသူရဲ့ ကြွေးမြီပြန်လည်ပေးဆပ်နိုင်မှုအခြေအနေ (Credit Worthiness)ကို အခြေခံတဲ့ ချေးငွေရယူနိုင်ဖို့၊ အထူးသဖြင့် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေအတွက် ချေးငွေလျင်မြန်လွယ်ကူစွာရရှိလာဖို့၊ မြန်မာနိုင်ငံရဲ့ ငွေရေးကြေးရေးကဏ္ဍ အခြေခံအဆောက်အအုံ (Financial Infrastructure)မှာ ရှိရမယ့် ချေးငွေသတင်းအချက်အလက်ဌာန (Credit Bureau) တည်ထောင်နိုင်ဖို့အတွက် ချေးငွေသတင်းအချက်အလက် အစီရင်ခံခြင်းစနစ်ဆိုင်ရာ စည်းမျဉ်း (Credit Reporting System Regulation) (မူကြမ်း)ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က IFC နဲ့ပူးပေါင်းပြီး နိုင်ငံတကာစံနှုန်းများနဲ့အညီ ပြုစုရေးဆွဲထုတ်ပြန်နိုင်ဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။




**အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည်။**

# သဘာဝအခြေခံခရီးသွားလုပ်ငန်း အလားအလာကောင်းများတည်ရှိရာ မွန်တို့ဌာနေ ရာမညတိုင်း

နန္ဒာဝင်း

ရသေ့ဦးခေါင်းနှင့်တူသည့် ကျောက်တုံးပေါ်တွင် စေတီတည်ထားပြီး နက်ရှိုင်း၍ မတ်စောက်သော ကျောက်ဆောင်တစ်ခု၏ အစွန်းတွင် ပြုတ်လုတည်းကာတင်၍ ထိုးထွက်နေသည့် ထူးခြားသည့်စေတီတော်မှာ မြန်မာနိုင်ငံတွင်းသာမက ပြည်ပသို့ပင် ထင်ရှားကျော်ကြားသော ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးပင်ဖြစ်သည်။

ကျိုက်ထီးရိုးစေတီတည်နေပုံမှာ အံ့သြဖွယ်ကောင်းလှသလို ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှများကြောင့်လည်း ဘုရားဖူးများ စိတ်နှလုံးချမ်းမြေ့ကြရပြီး မြန်မာပြည်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးများအပြင် ကမ္ဘာလှည့်ခရီးသွားအများအပြား လာရောက်လေ့ရှိကြသည်။

**မောပန်းမှုတို့ပြေကြ**

ကျိုက်ထီးရိုးစေတီတော်ဆီမှ ဆည်းလည်းခတ်သံများနှင့် သဘာဝပတ်ဝန်းကျင် တောင်ပေါ်ရှုခင်းများက ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၆၀၀ ကျော်ရှိသော ကျိုက်ထီးရိုးတောင်ကို တက်ခဲ့ရသမျှ မောပန်းမှုတို့ ပြေကြရသည်။ ကျိုက်ထီးရိုးစေတီသည် မွန်ပြည်နယ် ကျိုက်ထိုမြို့တွင် တည်ရှိသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မုတ္တမပင်လယ်ကွေ့၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ထိုင်းနိုင်ငံတို့က ဝန်းရံထားသည်။ အကျယ်အဝန်းမှာ ၄၇၄၈ စတုရန်းမိုင်ဖြစ်ပြီး ကမ်းရိုးတန်းတစ်လျှောက်တွင် ကျွန်းငယ်ကလေးများ အစီအရီတည်ရှိသည်။

အထင်ကရ တန်ခိုးကြီးဘုရားများဖြစ်သော ကျိုက်ထီးရိုး၊ ကျိုက်သလ္လံစေတီ၊ ဦးဇိနစေတီ၊ ကျိုက်သုတ်စေတီ၊ ကျိုက္ခမီရေလယ်ဘုရား၊ စက်စဲကမ်းခြေ၊ ဘီလူးကျွန်း စသဖြင့် စိတ်ဝင်စားဖွယ်နေရာများလည်း ရှိသည်။



**မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ။**

မော်လမြိုင်-မုဒုံကားလမ်းပေါ်ရှိ ဖားအောက်တောရဘုန်းတော်ကြီးကျောင်းသည် တရားအားထုတ်ရာနေရာဖြစ်ပြီး နိုင်ငံခြားသားများလည်း လာရောက်၍ တရားအားထုတ်ကြသည်။ မွန်ပြည်နယ်ရှိ ဝင်းစိန်တောရလျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးမှာလည်း ထင်ရှားသည်။

မွန်ပြည်နယ်မှ မြန်မာနိုင်ငံအနှံ့အပြားသို့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်သဖြင့် ကုန်စည်စီးဆင်းမှုလည်း အဆင်ပြေချောမွေ့သည့် ပြည်နယ်တစ်ခုဖြစ်သည်။ မွန်ပြည်နယ်တွင် အစိုးရသစ်တာဝန်ယူခဲ့သည့် တစ်နှစ်အတွင်း ထင်သာမြင်သာရှိသည့် တိုးတက်ပြောင်းလဲမှုများစွာရှိသည်။

ယင်းတို့အနက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နှင့် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာသို့ ဆက်သွယ်မည့် ၅၂၀၃ ဒသမ ၄ ပေ (၁၅၈၆ မီတာ) ရှည်လျားသော သံလွင်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းမှာ လက်ရှိတွင် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

**လွန်းထိုးတပ်ဆင်**

တံတားတည်ဆောက်ရေး စီမံကိန်း၏ သံပေါင်တပ်ဆင်မှုနည်းပညာသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအသုံးပြုသည့် Steel Box Girder သံပေါင်ခန်းဖွင့်များစွာကို လွန်းထိုးတပ်ဆင်ခြင်း (Launching နည်းစနစ်)ကို အသုံးပြုထားသည်။ စီမံကိန်းပြီးစီးပါက မော်လမြိုင်မြို့နယ်မှ ချောင်းဆုံမြို့နယ်သို့ ဆက်သွယ်မှုသွားလာလွယ်ကူစေပြီး လူမှုစီးပွားများလည်း ယခင်ထက် ပိုမိုတိုးတက်လာမည် ဖြစ်သည်။

"လမ်းပန်း ဆက်သွယ်ရေးကဏ္ဍမှာ မော်လမြိုင်မြို့ကနေ ချောင်းဆုံမြို့ကို ဆက်သွယ်မယ့် သံလွင်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းကို ခွင့်ပြုရန်ပုံငွေ ကျပ် ၆၀၉၅၇ သန်းကျော်နဲ့ စတင်ဆောက်လုပ်ခဲ့တာ အခုဆို ၈၇ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ဒီတည်ဆောက်ရေးစီမံကိန်းပြီးစီးရင် မွန်ပြည်နယ်တစ်ခုလုံးကို ကုန်းလမ်းခရီးနဲ့ လွယ်လင့်တကူ သွားလာနိုင်မှာဖြစ်တဲ့အတွက် လူမှုစီးပွားတွေလည်း အရင်ထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်" ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

မွန်ပြည်နယ်လမ်းဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပေ ၁၈၀ အထက်တံတား တစ်စင်းနှင့် ပေ ၁၈၀ အောက်တံတား ၇၅ စင်း ဆောက်လုပ်နိုင်ခဲ့သည်။ ထို့ပြင် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ(AC)တင်ခြင်း၊ ကတ္တရာလမ်းကို ၁၂ ပေမှ ၁၈ ပေ၊ ၂၄ ပေအကျယ် ချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် တံတားများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

**နေ့ချင်းပြန်**

မွန်ပြည်နယ် သထုံခရိုင်အတွင်း ရန်ကုန်-မြိတ်လမ်း (စစ်တောင်း-ကျိုက်ထို-မုတ္တမအပိုင်း)ကို နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် ၄၈ ပေအကျယ် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာချဲ့ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မော်လမြိုင်မြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့အထိ နေ့ချင်းပြန် ကုန်းလမ်းခရီးဖြင့် အလွယ်တကူသွားလာနိုင်ပြီဖြစ်သည်။

လယ်ယာလုပ်ငန်း၊ ရော်ဘာနှင့် ဥယျာဉ်ခြံလုပ်ငန်းများရှိရာ မွန်ပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍ၌ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ရေနုတ်မြောင်း၊ ချောင်းမြောင်းများတူးဖော်ခြင်းလုပ်ငန်း ၄၃ ခု၊ ရေငန်ဝင်ရောက်ခြင်းမှကာကွယ်ရန် ရေငန်တားတာတမံများ ပြုပြင်၊ ထိန်းသိမ်း၊ တည်ဆောက်ပေးခြင်း လုပ်ငန်း ၁၄ ခု၊ ရေတံခါးများ ပြုပြင်၊

**အထူးကဏ္ဍ (စ) သို့ »»**

## မွန်ပြည်နယ်မှ မြန်မာနိုင်ငံအနှံ့အပြားသို့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်သဖြင့် ကုန်စည်စီးဆင်းမှုလည်း အဆင်ပြေချောမွေ့သည့် ပြည်နယ်တစ်ခုဖြစ်သည်။ မွန်ပြည်နယ်တွင် အစိုးရသစ်တာဝန်ယူခဲ့သည့် တစ်နှစ်အတွင်း ထင်သာမြင်သာရှိသည့် တိုးတက်ပြောင်းလဲမှုများစွာရှိ



# ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာလေးလုံး ဆောက်လုပ်နိုင်ခဲ့ပြီး မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁ ခု ဆောက်လုပ်ခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးဝါး ၁၃၁ မျိုးဝယ်ယူ၍ မြို့နယ်များသို့ ဖြန့်ဖြူးပေးခဲ့



မွန်ပြည်နယ်အတွင်းရှိ ရေးမြို့နယ် ပြည်သူ့ဆေးရုံတည်ဆောက်ထားမှုကို တွေ့ရစဉ်။

အထူးကဏ္ဍ (င) မှ »»
တည်ဆောက်ပေးခြင်းလုပ်ငန်း ကိုးခု၊ ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်များ ပြုပြင်၊ ထိန်းသိမ်းပေးခြင်းလုပ်ငန်း ၂၈ ခုနှင့် နွေစပါးစိုက်ပျိုးရေးအတွက် ချောင်းပိတ် မြောင်းပိတ်လုပ်ငန်း ရှစ်ခု ဆောင်ရွက်ပေးခဲ့သည်။

## အကျိုးကျေးဇူးများစွာ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သန်း ၁၀၀ ဖြင့် စက်မှုလယ်ယာဦးစီးဌာနသည် မွန်ပြည်နယ်အတွင်း ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်၊ ချောင်းဆုံမြို့နယ်တို့၌ စက်မှုလယ်ယာစနစ်ကျ လယ်မြေ ၆၂၅ ဧက ဖော်ထုတ်ဆောင်ရွက်ပေးခဲ့သဖြင့် တောင်သူများအတွက် အကျိုးကျေးဇူးများစွာရရှိခဲ့သည်။

စွမ်းအင်ကဏ္ဍကို တည်တည်ငြိမ်ငြိမ်နှင့် တိုးတက်အောင် ဆောင်ရွက်နိုင်လျှင် နိုင်ငံ၏ စီးပွားရေးလည်း တိုးတက်တည်ငြိမ်မည်ဖြစ်ရာ စွမ်းအင်ကဏ္ဍအနေဖြင့် မွန်ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မွန်ပြည်နယ်တစ်ခုလုံးတွင် 11KV ဓာတ်အားလိုင်း ၄၇ ဒသမ ၅၈ မိုင်၊ 0.4KV ဓာတ်အားလိုင်း ၃၆ ဒသမ ၆၄ မိုင်၊ 100 KVA ဓာတ်အားခွဲရုံ ၂၉ ရုံ၊ 160 KVA ဓာတ်အားခွဲရုံ ၁၈ ရုံနှင့် 200KVA ဓာတ်အားခွဲရုံ ၂၈ ရုံတို့ကို တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း အခြေခံပညာကျောင်းဆောင် ၇၇ ဆောင်၊ မူကြိုဆောင် ၃၀၊ မွန်ပြည်နယ်ပညာရေးမှူးရုံး တစ်ခု စုစုပေါင်း ၁၀၈ ခု ဆောက်လုပ်ခဲ့သည်။ ကျပ်သိန်း ၅၀ အောက်၊ ၁၀၀ အောက်နှင့် ငွေကျပ်သိန်း ၁၀၀ အထက်ကျောင်းဆောင်၊ Type-C ကျောင်းဆောင်ပြင်ဆင်ခြင်းနှင့် ခြံစည်းရိုး၊ မြေထိန်းနံရံပြုလုပ်ခြင်း၊ အခြေခံပညာကျောင်းများ၏ ရေ၊ မီးစနစ်၊ သန့်စင်ခန်း၊ လမ်းများပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စာသင်ကျောင်း/ပညာရေးမှူးရုံး စုစုပေါင်း ၆၆၇ ခု၌ ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သည်။

## တိုးမြှင့်ခန့်ထား

မူလတန်းအဆင့်၌ စာရေးခုံနိမ့်အစုံ ၂၃၈၁ စုံ၊ အလယ်တန်း၊ အထက်တန်းအဆင့်၌ စာရေးခုံမြင့်အစုံ ၁၂၄၅ စုံ ဖြည့်ဆည်းပေးခြင်း၊ Funing Decentralization Program အရ ကျောင်းထောက်ပံ့ကြေးများ ပေးဝေဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရနှင့် World Bank တို့ပူးပေါင်း၍ ကျောင်းနေမြဲရေးနှင့် ပညာသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရန် ပညာသင်ထောက်ပံ့ကြေးများပေးခြင်း၊ အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း (ဥပမာ-အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းသို့)၊ ပညာရေးဝန်ထမ်း ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားခြင်းတို့အပြင် ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် ရေးမြို့နယ်တို့၌ တစ်ထပ်ဝန်ထမ်းအိမ်ရာတစ်ခုစီနှင့် ရေးမြို့နယ်၌ တစ်ထပ်စာကြည့်တိုက်တစ်ခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာလေးလုံး ဆောက်လုပ်နိုင်ခဲ့ပြီး မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁ ခု ဆောက်လုပ်ခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးဝါး ၁၃၁ မျိုးဝယ်ယူ၍ မြို့နယ်များသို့ ဖြန့်ဖြူးပေးခဲ့သည်။

ရေးမြို့နယ်ဆေးရုံတွင် နှစ်ထပ်ဆေးကုသဆောင်သုံးဆောင်၊ သံဖြူဇရပ်မြို့နယ် ဆေးရုံတွင် ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်း

အထူးကဏ္ဍ (ဆ) သို့ »»



မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့ကို ဆက်သွယ်မည့် သံလွင်မြစ်ကူးတံတားတည်ဆောက်နေမှုမြင်ကွင်း။



ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ကတ္တရာလမ်းများ အဆင့်မြှင့်တင်ထားမှုကို တွေ့ရစဉ်။

**အထူးကဏ္ဍ (၈) မှ »»**

အိမ်ရာတစ်လုံး၊ ပေါင်မြို့နယ်ဆေးရုံတွင် ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာတစ်လုံး၊ ကျိုက်ထိုမြို့နယ်ဆေးရုံတွင် ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး၊ နှစ်ထပ်လူနာဆောင်တစ်ဆောင်နှင့် ကင်ပွန်းချောင်း တိုက်နယ်ဆေးရုံတစ်ရုံတို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ မော်လမြိုင်မြို့တွင် အမျိုးသမီးနှင့်ကလေးဆေးရုံကြီး အသစ်တိုးချဲ့ ငါးထပ်လူနာဆောင်တစ်လုံးကိုလည်း ဆောက်လုပ်လျက်ရှိသည်။

**ဆိုလာပါဝါတပ်ဆင်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေး၊ မူလတန်းကျောင်းဆောက်လုပ်ခြင်း၊ ရုပ်သံစက်ပစ္စည်းတပ်ဆင်ခြင်း၊ ခရိုင်ရုံးဆောက်လုပ်ခြင်းနှင့် ဆိုလာပါဝါတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မွန်ပြည်နယ်အတွင်း ကျေးလက်လမ်း ၄၅ လမ်း၊ ကျေးလက်တံတား ၅၉ စင်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်း ၁၁၀ ဆောင်ရွက်လျက်ရှိသည်။ မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စီမံကိန်း ၃၅ ယူနစ်အတွက် မတည်ရန်ပုံငွေကျပ်သန်း ၁၀၅၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအကောင်အထည်ဖော်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက "ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျိုက်မရောမြို့နယ်မှာ ကျေးရွာ ခုနစ်ရွာ၊ လုပ်ငန်း ကိုးခု၊ ကျိုက်ထိုမြို့နယ်မှာ ကျေးရွာ လေးရွာ၊ လုပ်ငန်း ခုနစ်ခုနဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်နေပါတယ်"ဟု ဆိုသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေ တစ်မြို့နယ်လျှင် သိန်း ၁၀၀၀ နှုန်းဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း လမ်းလုပ်ငန်း ၈၈ ခု၊ တံတားလုပ်ငန်း ၅၆ ခု၊ ပညာရေးလုပ်ငန်း ၄၃ ခု၊ ကျန်းမာရေးလုပ်ငန်း နှစ်ခု၊ ရေရရှိရေးလုပ်ငန်း ၈၆ ခု၊ မီးရရှိရေးလုပ်ငန်း ငါးခု၊ အခြားလုပ်ငန်း ခြောက်ခု စုစုပေါင်း လုပ်ငန်း ၂၈၆ ခု ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မွန်ပြည်နယ် အထွေထွေပိုလျှံရန်ပုံငွေမှ ငွေကျပ် ၁၀၁၆ သန်းကျော်ဖြင့် မွန်ပြည်နယ်အတွင်း မြို့နယ် ရှစ်ခု၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၇၀ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုမှ ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရရှိငွေအနက် Tax Sharing အနေဖြင့် ၁၅ ရာခိုင်နှုန်း အခွန်ဝေစုအဖြစ် ရရှိငွေကျပ် ၃၇၈ သန်းကျော်ဖြင့် မြို့နယ် ၁၀ မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**တည်းခိုနေထိုင်နိုင်ပြီ**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ အလှူခံခြင်းနှင့်ပတ်သက်၍ စနစ်တကျ ဆောင်ရွက်ခဲ့သဖြင့် အလှူတော်ငွေများ တိုးတက်ရရှိခဲ့သည်။

အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် ရဟန်းရှင်လူပြည်သူများ အဆင်ပြေချောမွေ့စွာ တည်းခိုနားနေနိုင်ရန်အတွက် စေတီတော်ရင်ပြင်တော်ရှိ တိဿဓမ္မာရုံ (ပ-ထပ်)၊ ဆီမီး ၉၀၀၀ ဓမ္မာရုံ၊ ပြည့်စုံဓမ္မာရုံ၊ သုံးထပ်ဓမ္မာရုံ(ပ-ထပ်)တို့တွင် အခမဲ့တည်းခိုနိုင်သည့်အပြင် ဘုရားဖူးစည်ကားချိန်ကာလများတွင် အခပေးတည်းခိုဆောင်များ၌ တည်းခိုနိုင်ရန် သင့်လျော်သောနှုန်းထားများ သတ်မှတ်ပေးထားသည်။

ကျိုက်ထီးရိုး တောင်တက်ယာဉ်များနှင့်ပတ်သက်၍လည်း ဘုရားဖူးများဘေးအန္တရာယ်ကင်းရှင်းစေရေး မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော ယာဉ်ကြံ့ခိုင်မှုစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

တောင်တက်ကားများတွင် အမိုးတပ်ဆင်ခြင်း၊ ကင်ပွန်းစခန်းမှ ရင်ပြင်တော်အထိ ပို့ဆောင်ပေးရာ၌ ယာဉ်၏နောက်ခန်းတွင် ခရီးသည်တစ်ဦးအတွက် ယခင် ငွေကျပ် ၂၅၀၀ ကောက်ခံရာမှ ယခုနှစ်တွင် ကျပ် ၂၀၀၀ သာ ကောက်ခံခြင်း၊ ခါးပတ်ကြိုးများ တပ်ဆင်ထားပေးခြင်း၊ လုံခြုံမှုရှိစေရန် CCTV ကင်မရာများ တပ်ဆင်ပေးထားခြင်းဖြင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**သဘာဝအလှအပရှုခင်း**

ကျိုက်ထီးရိုးတောင် သဘာဝအလှအပရှုခင်းများကို ပြည်တွင်း ပြည်ပမှ ဘုရားဖူးများ ကြည့်ရှုခံစားရင်း မြင်ကွင်းကျယ်ဖြင့် စေတီတော်များကို ကြည်ညိုသဒ္ဓါပွားများနိုင်ရန်နှင့် လွယ်ကူချောမွေ့လုံခြုံစွာ တက်ရောက်ဖူးမြော်နိုင်စေရန် ရသေ့တောင်စခန်း Main Station မှ ဟုန်းနတ်ဘိုးဘိုးကြီးနတ်နန်းအနီးရှိ Return Station အထိ Cable

**အထူးကဏ္ဍ (၉) သို့ »»**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ တစ်မြို့နယ်လျှင် သိန်း ၁၀၀၀ နှုန်းဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း လမ်းလုပ်ငန်း ၈၈ ခု၊ တံတားလုပ်ငန်း ၅၆ ခု၊ ပညာရေးလုပ်ငန်း ၄၃ ခု၊ ကျန်းမာရေးလုပ်ငန်း နှစ်ခု၊ ရေရရှိရေးလုပ်ငန်း ၈၆ ခု၊ မီးရရှိရေးလုပ်ငန်း ငါးခု၊ အခြားလုပ်ငန်း ခြောက်ခု စုစုပေါင်း လုပ်ငန်း ၂၈၆ ခု ဆောင်ရွက်လျက်ရှိ



ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ကတ္တရာလမ်းများ အဆင့်မြှင့်တင်ထားမှုကို တွေ့ရစဉ်။



ပြည်နယ်အတွင်း မြေလွတ်မြေရိုင်းများဖော်ထုတ်ထားမှုကို တွေ့ရစဉ်။

**အထူးကဏ္ဍ (ဆ) မှ »»**

လမ်းကြောင်း ပြေးဆွဲနိုင်ရေးဆောင်ရွက်ချက်များသည်လည်း အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း မွန်ပြည်နယ်၏ တိုးတက်ပြောင်းလဲမှုများပင်ဖြစ်သည်။

မွန်ပြည်နယ်အတွင်း မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် လူနေထိုင်ရန်၊ အဆောက်အအုံ ဆောက်လုပ်အသုံးပြုရန်၊ စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း အိမ်ခြေ ၅၂၇ လုံးကို ကျေးရွာမြေငှားဂရန် ထုတ်ပေးခဲ့သည်။ မြေဧရိယာတစ်ဧကအထိ ရက် ၄၀ အတွင်း၊ တစ်ဧကအထက်မှ ငါးဧကအထိ ရက် ၆၀ အတွင်း၊ ငါးဧကအထက်အား ၈၁ ရက်အတွင်းပြီးစီးရန် ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

**မြစ်သဲကျောက်ထုတ်လုပ်ခွင့်**

ဓာတ်သတ္တုထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားရာတွင် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ယခင်ဌာန ခုနစ်ခု၏ ထောက်ခံချက် ရယူဆောင်ရွက်ခဲ့သော်လည်း ယခုအခါ သတ္တုတွင်းဦးစီးဌာန၏ စက်မှုကုန်ကြမ်းသုံး ဓာတ်သတ္တုမဟုတ်ကြောင်း ထောက်ခံချက်နှင့် ထုတ်လုပ်မည့်ဧရိယာနှင့် ဆက်စပ်သည့် ဌာန၏ ထောက်ခံချက်ဖြင့်သာ ဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်သဲကျောက်ထုတ်လုပ်ခွင့် လျှောက်ထားရာတွင် ယခင်ဌာန ခြောက်ခု၏ ထောက်ခံချက် ရယူဆောင်ရွက်ခဲ့ရသော်လည်း ယခုအခါ လမ်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့၏ ထောက်ခံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်းရှိ လေလံတန်ဖိုး ကျပ်သိန်း ၃၀၀ အောက် လေလံလမ်း၊ တံတားဂိတ် လေးဂိတ်ဖြစ်သော ရန်ကုန်-မြိတ်လမ်း(သံဖြူဇရပ်-ရေးအပိုင်း)ရှိ ရေးချောင်းတံတားဂိတ်၊ ကလောပိတံတားဂိတ်၊ ကွမ်ကျိုက်တံတားဂိတ်နှင့် ကြိုးတန်းတံတားဂိတ်တို့ကို ဂိတ်များပိတ်သိမ်း၍ တံတားအသုံးပြုခကောက်ခံခြင်းမပြုတော့ဘဲ ဖြေလျှော့ပေးနိုင်ခဲ့သည်မှာ အစိုးရသစ်သက်တမ်း တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများပင်ဖြစ်သည်။

**ရှေးမူမပျက်**

မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ခြင်း၊ ရာသီဥတုသင့်တင့်မျှတခြင်း၊ သံလွင်မြစ်ကြီးနှင့် သာယာလှပသော ကမ်းခြေသဘာဝတရားများရှိခြင်း၊ တန်ခိုးကြီး အထင်ကရဘုရားများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၍ ရှေးမူမပျက်နေထိုင်သောကျေးရွာများရှိခြင်းတို့ကြောင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် တစ်ထောင့်တစ်နေရာမှ နိုင်ငံခြားဝင်ငွေရှာဖွေပေးရာ ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်း ချန်လှပ်ထား၍ ရမည်မဟုတ်ပေ။ သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းကြောင့်လည်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိလာပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုမှသည် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်နိုင်ကြပေလိမ့်မည်။

အစိုးရသစ်၏ တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များကြောင့် ပိုမိုဖွံ့ဖြိုးလာမှုများနှင့်အတူ မွန်ပြည်နယ်နေ ပြည်သူတို့ ပူးပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းရင်းဖြင့် . . . . .။

၀၀၀



**မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ခြင်း၊ ရာသီဥတုသင့်တင့်မျှတခြင်း၊ သံလွင်မြစ်ကြီးနှင့် သာယာလှပသော ကမ်းခြေသဘာဝတရားများရှိခြင်း၊ တန်ခိုးကြီး အထင်ကရဘုရားများနှင့် တိုင်းရင်းသား လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်း၍ ရှေးမူမပျက်နေထိုင်သော ကျေးရွာများရှိခြင်း တို့ကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်**



အရှည်ပေ ၃၀၀ ရှိ သံဖြူဇရပ်မြို့နယ်မှ ကရုပ္ပိတံတား။

## 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၂၅ - ၃ - ၂၀၁၇ မှ ၃၁ - ၃ - ၂၀၁၇ အထိ)

Vol.2 No-13 အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင် 01- 230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်

01-230 6166

# မြန်မာနှစ်သစ်မှာ 4 + 5 ပြောင်းလဲမှုအသစ်

**4TV နဲ့ 5 NETWORK စက်ရှိသူများအားလုံးအတွက်**

**၂၅.၃.၂၀၁၇ မှ ၃၁.၃.၂၀၁၇ အထိ**

## (၇) ရက် အခမဲ့ ကြည့်ရှုခွင့်

**ပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**

ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုရာတွင် အခက်အခဲ တစ်စုံတစ်ရာရှိပါက
"**Auto Scan**" ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။




4TV Hotline **01-2306166**

/4tvmyanmar **www.4tv.com.mm**

4tv Facebook page www.facebook.com/4tvmyanmar ကို လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။




## MRTV-4

(၂၅-၃-၂၀၁၇ မှ ၃၁-၃-၂၀၁၇ အထိ)

**MRTV-4 ၏ တစ်ပတ်စာကြည့်စရာအစီအစဉ်ကောင်းများ**



### ဒူတက်အောင်ရီ (သိကြားမင်းအချစ်ကပိုပါတယ်)

7:45 PM, 25/26.3.17 (Saturday & Sunday)

ရယ်မောပျော်ရွှင်ရင်း ဘဝအမောတွေပြေပျောက်စေနိုင်ဖို့ ပရိသတ်များအားလုံးအတွက် ဒူတက်အောင်ရီအစီအစဉ်ကို တင်ဆက်ပေးနေတာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကနေ ဟာသညီအစ်ကိုများဖြစ်ကြတဲ့ လူရွှင်တော် 5 Star အဖွဲ့ နဲ့ အတူ ဟာသအနုပညာရှင်များစွာက သိကြားမင်းအချစ်ကပိုပါတယ်လို့ အမည်ရတဲ့ ခေါင်းစဉ်အောက်မှာ တင်ဆက်ပေးမှာဖြစ်လို့ စောင့်မျှော်ကြည့်ရှုနိုင်ဖို့ သတင်းကောင်းပါးလိုက်ရပါတယ်။

### စတားတို့ရဲ့လက်ရာ (ဖြိုးပြည့်စုံ၊ ဝိုင်းလေး)

12:30 PM, 25.3.17 (Saturday)

ဒီတစ်ပတ် စတားတို့ရဲ့လက်ရာအစီအစဉ်ကနေ လတ်တလောပရိသတ်တွေရဲ့ကြားမှာ ရေပန်းအစားဆုံးတေးသံရှင်နှစ်ဦးဖြစ်တဲ့ လရိပ်တေးသီချင်းပိုင်ရှင် ဖြိုးပြည့်စုံနှင့် Sefile သီချင်းပိုင်ရှင်ဖြစ်တဲ့ ဝိုင်းလေးတို့ ဂီတမောင်နှမနှစ်ဦးကနေ ပဲကြီးမျှစ်ချဉ် ခရမ်းချဉ်သီး သောက်စမ်းနှင့် မြောင်းမြမုန့်ဟင်းခါးတို့ကို လက်စွမ်းပြ တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။

| | |
|---|---|
| **25.3.2017 (Saturday)** | |
| 02:20 PM | မေးကြည့်ဖြေကြည့်မဟောဒ္ဒိ |
| 06:15 PM | မေမေ့အမောပြေ (၄၇) |
| 08:30 PM | အချစ်ပန်းတွေဝေပါစေ (၇၅) |
| 10:15 PM | ချစ်ခြင်းပြိုင်နှလုံးသား (၈) |
| **26.3.2017 (Sunday)** | |
| 05:15 PM | Make It Yummy |
| 07:30 PM | ဒူတက်အောင်ရီ |
| 09:15 PM | မေးကြည့်ဖြေကြည့်ပဟေဠိ |
| 10:15 PM | ချစ်ခြင်းပြိုင်နှလုံးသား (၉) |
| **27.3.2017 (Monday)** | |
| 08:00 AM | မင်္ဂလာပါ (Live) The Morning Show |
| 07:15 PM | ချစ်သူထွင်းတဲ့အကရာ (၁) |
| **28.3.2017 (Tuesday)** | |
| 06:15 PM | မေမေ့အမောပြေ (၅၀) |
| 07:15 PM | ချစ်သူထွင်းတဲ့အကရာ (၂) |
| **29.3.2017 (Wednesday)** | |
| 10:15 AM | ခေတ်သစ်ပျိုမေ (Live) |
| 07:15 PM | ချစ်သူထွင်းတဲ့အကရာ (၃) |
| **30.3.2017 (Thursday)** | |
| 07:15 PM | ချစ်သူထွင်းတဲ့အကရာ (၄) |
| **31.3.2017 (Friday)** | |
| 07:15 PM | ချစ်သူထွင်းတဲ့အကရာ (၅) |
| 10:30 AM | World of Knowledge |

pyone play
pyoneplaymyanmar
www.pyoneplay.com
MRTV-4 Channel7
အစီအစဉ်များကို
Pyone Play ဖြင့် ကြည့်ရှုနိုင်ပါသည်။

## Channel7

(၂၅-၃-၂၀၁၇ မှ ၃၁-၃-၂၀၁၇ အထိ)

**Channel 7 ၏ တစ်ပတ်စာကြည့်စရာအစီအစဉ်ကောင်းများ**



### On Air

(တေးသံရှင်သားကြီးနှင့် Tay Za Mc)

7:00 PM, 26.3.17 (Sunday)

တေးသီချင်းသံစဉ်များကို ခံစားနားဆင်နိုင်ဖို့အတွက် On Air အစီအစဉ် ကနေ ဒီတစ်ပတ်မှာ တေးသံရှင်တေးသံရှင်သားကြီးနှင့် Tay Za Mc ရဲ့ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုခံစားရမှာဖြစ်ပါတယ်။



### Challenge!

6:45 PM, 26.3.17(Sunday)

ပရိသတ်တွေအကြိုက် မင်းသားနှစ်ယောက်ဖြစ်တဲ့ နေဒွေးနဲ့ မိုးယံဇွန်တို့ပါဝင်ထားတဲ့ Challenge အစီအစဉ်ကို ဒီတစ်ပတ်မှာ ထုတ်လွှင့်ပြသပေးတော့မှာပါ။ နေဒွေးနဲ့ မိုးယံဇွန်တို့ ၂ ယောက် ဘယ်လို Game တွေကို ဆော့ကစားကြမယ် ဆိုတာကို ဒီတစ်ပတ်ထုတ်လွှင့်တင်ဆက်မယ့် Challenge အစီအစဉ်မှာ စောင့်မျှော် ကြည့်ရှုကြပါဦးနော်။

**Channel 7 ရုပ်သံလိုင်းတွင်**
**တစ်ပတ်အတွင်းပြသမည့် "ကြည့်ရှုခံစား ဇာတ်လမ်းများ"**
11:30 AM (Everyday)

| | | |
|---|---|---|
| ၂၅-၃-၁၇ | ကက်ကင်း | ရန်အောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဥ္ဇာဦး၊ နန္ဒာလှိုင် |
| ၂၆-၃-၁၇ | ဆရာမကြီးလိုတံဆိပ်လာမကပ်နဲ့ | ဖေရဲထက်၊ စံရတီမိုးမြင့် |
| ၂၇-၃-၁၇ | အိုးနင်း ခွက်နင်း | မြင့်မြတ်၊ ချစ်သုဝေ |
| ၂၈-၃-၁၇ | ကိုကိုမငိုပါနဲ့ | ကောင်းပြည့်၊ ခင်ဝင့်ဝါ |
| ၂၉-၃-၁၇ | တူရိယာ | နိုင်းနိုင်း၊ နိုင်သင်းကြည် |
| ၃၀-၃-၁၇ | Face Book (စာအုပ်မျက်နှာ) | ခန့်စည်သူ၊ ရွှေမှုန်ရတီ |
| ၃၁-၃-၁၇ | ကြာဖြူ | ပြေတီဦး၊ သက်မွန်မြင့် |

အစီအစဉ်များမှာ အခြေအနေအရ အပြောင်းအလဲရှိနိုင်ပါသည်။

| | |
|---|---|
| **25.3.2017 (Saturday)** | |
| 02:00 PM | မိသားစုပြိုင်ပွဲ |
| 05:15 PM | On Air |
| 04:00 PM | တီထွင်သူတို့ရွှေအိပ်မက် |
| 09:00 PM | အိပ်မက်ဆိုရာ ရာသက်ပန် (Season 5) |
| **26.3.2017 (Sunday)** | |
| 02:00 PM | မိသားစုပြိုင်ပွဲ |
| 05:15 PM | The Beauty Studio |
| 04:00 PM | တီထွင်သူတို့ရွှေအိပ်မက် |
| 06:00 PM | စည်းတစ်ဖက်ကချစ်သူ (၁၀) |
| 09:00 PM | အိပ်မက်ဆိုရာ ရာသက်ပန် (Season 5) |
| **27.3.2017 (Monday)** | |
| 07:00 PM | Good Morning Myanmar (Live) |
| 04:45 PM | Walk with Music |
| 09:00 PM | အိပ်မက်ဆိုရာ Flashback |
| 10:00 PM | နေခြည်နမ်းတဲ့ပန်းတစ်ပွင့် (၂၉) |
| **28.3.2017 (Tuesday)** | |
| 05:15 PM | ရင်ချင်းဆက်ရန်သူ (၂၆) |
| 07:00 PM | Story telling Magic Show |
| 10:00 PM | နေခြည်နမ်းတဲ့ပန်းတစ်ပွင့် (၃၀) |
| **29.3.2017 (Wednesday)** | |
| 06:00 PM | သာယာချမ်းမြေ့သော ဘဝတစ်ခုဆီသို့ (၃၂) |
| 08:00 PM | Road to Success |
| 10:00 PM | နေခြည်နမ်းတဲ့ပန်းတစ်ပွင့် (၃၁) |
| **30.3.2017 (Thursday)** | |
| 05:15 PM | ရင်ချင်းဆက်ရန်သူ (၂၈) |
| 10:00 PM | နေခြည်နမ်းတဲ့ပန်းတစ်ပွင့် (၃၂) |
| **31.3.2017 (Friday)** | |
| 04:45 PM | Walk with Music |
| 05:15 PM | ရင်ချင်းဆက်ရန်သူ (၂၉) |
| 10:00 PM | နေခြည်နမ်းတဲ့ပန်းတစ်ပွင့် (၃၃) |

www.4tv.com.mm www.facebook.com/4tvmyanmar ဆက်သွယ်ရန် – ၀၁– ၂၃၀၆၁၆၆

